# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV ဦးဆောင်သည့် အဖွဲ့ဝင်များ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စီးပွားရေးနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV ဦးဆောင်သည့် အဖွဲ့ဝင်များက ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆




## ပညာရေးခရီး ဆုံးပန်းတိုင်အထိ မဆုတ်မနစ် ကြိုးပမ်းလျှောက်လှမ်း

လာမည့်မတ်လ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် KG+12 တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန်လျှောက်လွှာတင်သွင်းထားသူစုစုပေါင်း ၂ ဒသမ ၂ သိန်းကျော်ရှိသည်။ ယမန်နှစ် ၂၀၂၄ ခုနှစ်မတ်လတွင် ဖြေဆိုခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ဧပြီလနှင့် မေလတို့တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံးမှ စာမေးပွဲဖြေဆိုသူစုစုပေါင်း ၁၂၈၈၂၀ ဦးရှိသည့်အနက် ၇၄၅၉၂ ဦးအောင်မြင်ခဲ့ရာ အောင်ချက် ၅၈ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းမှု ၁ ဒသမ ၄၆ သန်းကျော်ရှိခဲ့ရာ ယခုနှစ်တွင် ပိုမိုများပြားလာခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကျောင်းနေသူအများစုတို့သည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြရာ ဤအခြေအနေသည် နိုင်ငံ၏အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၅ နှစ်နှင့်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး အဆိုပါလူဦးရေ၏ ၈ ဒသမ ၁ ရာခိုင်နှုန်းမှာ ကျောင်းလုံးဝမတက်ဖူးသူများ ဖြစ်ကြသည်။ အသက် ၂၅ နှစ်အထက် အတန်းလုံးဝမရှိသူ ၉ သိန်းကျော်၊ မူလတန်းနှင့် မူကြိုအဆင့် ၁၂ ဒသမ ၈၃ သန်း၊ အလယ်တန်းအဆင့် ၅ ဒသမ ၄၆ သန်း၊ အထက်တန်းအဆင့်ပြီးသူ ၃ ဒသမ ၃ သန်းခန့်တို့ရှိပြီး ဘွဲ့ရသူဦးရေမှာ ၂ ဒသမ ၆၈ သန်းသာရှိသည်။ ပြည်တွင်းဒေသအများအပြားတွင် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးနေမှုတို့မှာလည်း များပြားလျက်ရှိနေသည်။

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးအတွက် လွန်စွာအရေးကြီးသကဲ့သို့ နိုင်ငံတော်တွင် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အသိပညာ၊ အတတ်ပညာများ ပြည့်စုံသည့် ပညာတတ်အရေအတွက် များစွာလိုအပ်သည်။ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ခွင့်ရရေးနှင့် ပညာသင်ကြားနိုင်ရေးတို့သည် အရေးကြီးသည့် ကိစ္စရပ်ပင်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများအားလုံး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားနိုင်ရေး၊ တန်းစဉ်မှန်မှန်ကူးပြောင်းနိုင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာများ သင်ယူပြီးမြောက်နိုင်ရေးတို့အတွက်လည်း ကျောင်းသားမိဘ၊ အုပ်ထိန်းသူများနှင့် တာဝန်ရှိသူများအားလုံးက အလေးအနက်ထားဆောင်ရွက်ကြရန်လိုသည်။ ကျောင်းနေအရွယ်ကလေးများ ကျောင်းမတက်နိုင်ခြင်းသည် ယင်းကလေး၏ အနာဂတ်အတွက်ရော နိုင်ငံ၏အနာဂတ်ကိုပါ နစ်နာဆုံးရှုံးစေသည်။

မကြာမီ KG+12 တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြရတော့မည့် ကျောင်းသား ကျောင်းသူများမှာ ယခုအချိန်တွင် စာမေးပွဲအတွက် ပြင်ဆင်မှုများ၊ လေ့ကျင့်မှုများ ပြီးပြည့်စုံ၍ ပြန်လှန်လေ့ကျင့်ကျက်မှတ်မှုများ ပြုလုပ်နေကြချိန်ဖြစ်သည်။ ကျန်ရှိသည့် ရက်သတ္တပတ်အနည်းငယ်ကို စနစ်တကျစီမံခန့်ခွဲကာ အောင်မြင်မှုမြင့်မြင့်မားမား ရရှိနိုင်ရေး ကြိုးစားကြရမည်ဖြစ်သလို ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းနေစေရန်အတွက်လည်း ဂရုပြုနေထိုင်စားသောက်ကြရန်လိုသည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် အခြေခံပညာသင်ယူမှုများ အောင်မြင်ပြီးမြောက်၍ အဆင့်မြင့်ပညာများ တက်လှမ်းသင်ယူနိုင်ရန် မှတ်ကျောက်တင်ခံရခြင်းပင်ဖြစ်ရာ လုံ့လ၊ ဝီရိယ၊ ပညာ၊ စိတ်ဓာတ်ခွန်အားတို့ဖြင့် မိမိတို့၏ အရည်အသွေးကို အမြင့်မားဆုံးမြှင့်တင်ထားရမည်လည်းဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်တည်ဆောက်ကြရာတွင် အဓိကလိုအပ်ချက်မှာ လူသားအရင်းအမြစ်ပင်ဖြစ်ပြီး လူသားအရင်းအမြစ်ကို "ပညာ"ဖြင့် တည်ဆောက်ကြရခြင်းဖြစ်သည်။ လူတစ်ဦးချင်းစီအနေဖြင့်လည်း မိမိတို့၏ ဘဝအရည်အသွေးမြင့်မားစေရန် ပညာဖြင့်ပင် မြှင့်တင်ကြရသည်ဖြစ်ရာ ကျောင်းသား ကျောင်းသူတိုင်း ပညာရေးခရီးဆုံးပန်းတိုင်ရောက်သည်အထိ မဆုတ်မနစ်ကြိုးပမ်းလျှောက်လှမ်းကြရပါမည့်အကြောင်း။ ။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို စေတီတော်မြတ်ကြီး၏ တပေါင်းကွင်း၌ ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှတပေါင်းလပြည့်နေ့အထိ (မတ် ၇ ရက် မှ ၁၃ ရက်အထိ) ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပွဲတော်လာပြည်သူများ အခမဲ့ ကြည့်ရှုနိုင်ရန်အတွက် ဖျော်ဖြေပွဲများဖြင့် ကျင်းပမည်ဖြစ်ကြောင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ရေကျော်ဂီတဖျော်ဖြေရေးအဖွဲ့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖျော်ဖြေရေးအဖွဲ့၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဖျော်ဖြေရေးအဖွဲ့နှင့် မြဝတီရုပ်မြင်သံကြား ဖျော်ဖြေရေးအဖွဲ့များမှ ဖျော်ဖြေပွဲများအပြင် ချား၊ ရဟတ်၊ ပျော်ပျော်အိ ကလေးကစားကွင်းများကို ပျော်ရွှင်ဖွယ်မျိုးစုံတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများနှင့် သဒ္ဓါကြည်လင် ပါရမီရှင် အပေါင်းတို့မှ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တပေါင်းပွဲတော်ကြီးအား လာရောက်ပါဝင်ဆင်နွှဲနိုင်ကြပါရန် ဂေါပကအဖွဲ့မှအသိပေး နှိုးဆော်ထားသည်။

မြန်မာ့အလင်း

### ၂၂ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market- Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၅၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ထို့အပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာ ကဏ္ဍအလိုက်ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘ စီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကိုထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများကို လုပ်ဆောင်နေကြသည်။

ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ခိုးထုတ်ကြရာတွင် ဥပဒေကိုမသိနားမလည်သည့်အပြင် ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများကို ငွေကြေးဖြင့် ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင် စေလျက်ရှိကြောင်းကိုလည်း တွေ့ရသည်။ ယင်းသို့ လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကို အားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ပြည်သူများ သတိပြုကြရန်လိုပါသည်။

မတော်လောဘဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ထောက်ပံ့နေမှုများအား နိုင်ငံတော်အနေဖြင့် စိစစ်ဖော်ထုတ်၍ လိုအပ်သလို တိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့် ယင်းကဲ့သို့ ဥပဒေမဲ့သယံဇာတခိုးထုတ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့် ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅% တို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

◆*ရှေ့ဖုံးမှ*

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ကောင်းမွန်သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပြီး စီးပွားရေးဆိုင်ရာများတွင် နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားလိုအပ်သည့် အချိန်တိုင်း၌ အကူအညီများပေးအပ်ခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် ကျွမ်းကျင်လုပ်သားများရရှိရေး၊ အခြေခံလိုအပ်ချက်များ ပြည့်စုံမှုရှိစေရေးတို့ အပါအဝင် ရေရှည်အကျိုးကို ကြည့်၍ သုတေသနပြု စနစ်တကျ တွက်ချက် ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာ ထုတ်လုပ်ရေး၊ ရေနံနှင့် ဓာတုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားရန်အသင့်ရှိသည့် အခြေအနေများ၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စီးပွားရေးနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။


**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV ဦးဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်

## မြန်မာ-ထိုင်းနှစ်နိုင်ငံ တရားမဝင်လုပ်ငန်းများ တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံသို့အလုပ်သဘော ခရီးစဉ် လာရောက်ခဲ့သည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa သည် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဂါရဝပြု တွေ့ဆုံခဲ့ပြီး မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တွေ့ဆုံကာ မြန်မာ-ထိုင်းနှစ်နိုင်ငံ ဆွေးနွေးပွဲကို Jasmine Nay Pyi Taw Hotel ၌ ကျင်းပသည်။**(အပေါ်ပုံ)**



ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရေး၊ အထူးသဖြင့် တရားမဝင်နယ်စပ်ကုန်သွယ်ရေး၊ တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုစသည့် တရားမဝင် လုပ်ငန်းများ တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပါအဝင် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို သွားရောက်ဖူးမြော်ကြပြီး ညပိုင်းတွင် ထိုင်းကိုယ်စားလှယ်အဖွဲ့ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အလုပ်သဘော ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ Online လိမ်လည်မှု (Telecom Fraud)၊ Online လောင်းကစားမှုများ လုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် Online လိမ်လည်မှု (Telecom Fraud)၊ Online လောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြတ်ပြတ်သားသား ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင် ကုန်စည်စီးဆင်းမှုများနှင့် အကြမ်းဖက်မှုများတိုက်ဖျက်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေးတို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန် ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Songwit Noonpackdee၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။

- **Online လိမ်လည်မှု (Telecom Fraud)၊ Online လောင်းကစားမှုများ လုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်သွားမည့် အခြေအနေများ ဆွေးနွေး**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ထိုင်းဘုရင့်တပ်မတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Songwit Noonpackdee အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ထိုင်းဘုရင့်တပ်မတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Songwit Noonpackdee ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မူပိုင်ခွင့်ချိုးဖောက်မှုများတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၏ အမျိုးသားအဆင့်မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာ ၄.၈ အရ မူပိုင်ခွင့်မှုခင်းများအား စစ်ဆေးစီရင်မည့် တရားသူကြီးနှင့် တရားရေးအရာရှိများကို မူပိုင်ခွင့်ဆိုင်ရာ အသိပညာများ ဖြန့်ဝေပို့ချပေးရန်၊ မဟာဗျူဟာ ၆ အရ မူပိုင်ခွင့်ချိုးဖောက်မှုများကို တားဆီးကာကွယ်နိုင်စေခြင်းငှာ သက်ဆိုင်ရာ တရားသူကြီးများကို လေ့ကျင့်သင်ကြားပေးရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာ ရည်မှန်းချက် ၅.၂ ပါ မူပိုင်ခွင့်ဥပဒေများနှင့် စပ်လျဉ်းသည့် အသိပညာပေးအစီအစဉ်များဆောင်ရွက်ရန် ရည်ရွယ်၍ မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Awareness Seminar for the Enforcement of Intellectual Property Rights) ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ပူးတွဲစနစ် (In-person/Virtual) ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိလေးဦး၊ ကျောက်တံတားခရိုင် တရားရုံးနှင့် ပဲခူးမြို့နယ် တရားရုံးတို့မှ တရားသူကြီးနှစ်ဦး စုစုပေါင်း ခြောက်ဦးတို့က မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေးနှင့်သက်ဆိုင်သည့် Trademark Protection in Myanmar၊ Criminal Litigation regarding with Trademark in Myanmar၊ Protection of Well-known Trademark၊ Protection of Online Copyright Infringement in Myanmar၊ Monetary Relief for Copyright Infringements နှင့် Comparative Study of Damages Resulting from Trademark Infringement: Focusing on Statutory Damages ခေါင်းစဉ်များဖြင့် အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

အသိပညာပေးဆွေးနွေးပွဲသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားလွှတ်တော် တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များမှ တရားရေးအရာရှိများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြပြီး လူကိုယ်တိုင်တက်ရောက်သူ ၁၇၆ ဦး၊ အွန်လိုင်းဖြင့် တက်ရောက်သူ ၇၀၁ ဦး စုစုပေါင်း တရားသူကြီးနှင့် တရားရေးအရာရှိ ၈၇၇ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ကမ်းဆင့်လို့ ထိန်းသိမ်းရမယ့် သမိုင်းထဲက တောင်ငူ အမွေအနှစ်


ဗညားဦး

**တူးဆွဖော်ယူထားသည့် မြေစာပုံများကြားမှ အုတ်ရိုးအုတ်ဟောင်းများသည် ထင်ရှားကျော်ကြားခဲ့သော သမိုင်းတစ်ခေတ်၏ အမွေအနှစ်အဖြစ် တည်ရှိနေသည်။ အချိန်ကာလ၏ တိုက်စားမှုကြောင့် ပြိုပျက်ဟောင်းနွမ်းနေပြီဖြစ်သော်လည်း စည်ပင်ဝပြောခဲ့သည့် တောင်ငူမင်းဆက်၏ ရှေးဟောင်းမြို့တော် အသွင်အပြင်ကို အုတ်ရိုးအုတ်ဟောင်းတို့က လှစ်ဟပြသနေသည်။ ထိုအုတ်ရိုးအုတ်ဟောင်းတို့ကို လေ့လာခြင်းဖြင့် ရှေးက ဘိုးဘေးများ၏ ရှင်သန်နေထိုင်ခဲ့မှုနှင့် ဗိသုကာပညာရပ်ဆိုင်ရာ စွမ်းရည်များကို သိရှိနိုင်သည်။**

"Old but gold" ဟု ဆိုကြသည့်အတိုင်း ဟောင်းနွမ်းနေပြီဖြစ်သည့် အမွေအနှစ်များသည် နိုင်ငံသားတိုင်းအတွက် ရွှေကဲ့သို့ အဖိုးတန်သည့် အမွေအနှစ်များဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို နိုင်ငံ၏ သက်ရှိ သက်မဲ့ အမွေအနှစ်များအပေါ် နိုင်ငံသားတို့ အလေးထားမှု၊ ထိန်းသိမ်းစောင့်ရှောက်မှု စွမ်းရည်ဖြင့် အကဲဖြတ်ကြသည့်အတွက် တောင်ငူမင်းဆက်၏ ကြွင်းကျန်ရစ်သော မြို့တော်ဟောင်း အသွင်အပြင်အရပ်ရပ်ကိုလည်း ဝိုင်းဝန်းထိန်းသိမ်းကြရမည်သာ။

ထို့အတွက်ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တောင်ငူမြို့ ကေတုမတီ မြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို အလေးပေး ဆောင်ရွက်လျက်ရှိသည်။ တောင်ငူမြို့တော်ဟောင်းသည် အရှေ့အနောက် တာ ၇၀၀၊ တောင်မြောက် တာ ၅၀၀ အကျယ်အဝန်းဖြင့် လေးထောင့်သဏ္ဌာန် တည်ရှိသည်။ မြို့တော်အတွင်း ရေကျုံး၊ နံ့ကျုံး၊ နှစ်ထပ်မြို့ထောင့်စေတီ လေးဆူ၊ မြို့တံခါး ၂၀၊ သိမ် ၂၀ နှင့် ကန်တော်ကြီးတို့ကို ထည့်သွင်းတည်ထား ခဲ့ကြသည်။

လက်ရှိအချိန်တွင် မြို့ဟောင်းသည် တောင်ငူမြို့မှ အနောက်ဘက်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အနောက်ဘက် ၁ ဒသမ ၄၇ မိုင် အကွာတွင် တည်ရှိပြီး မြို့ဟောင်းကို ဆိုင်ကယ်၊ ကားတို့ဖြင့် အလွယ်တကူ သွားရောက်လေ့လာနိုင်သည်။




တောင်ငူ ကေတုမတီ မြို့ဟောင်း မြောက်ဘက် မြို့ရိုးပေါ်ရှိ မော်ကွန်းတံခါးနေရာ စမ်းသပ်တူးဖော် သုတေသန ဆောင်ရွက်ခြင်း တည်နေရာပြ မြေပုံ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တောင်ငူမြို့ ကေတုမတီ မြို့ဟောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် တူးဖော်သုတေသန လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ စတင်၍ လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်သည်။

တူးဖော်သုတေသန လုပ်ငန်းဆောင်ရွက်ရာတွင် တောင်ငူ ကေတုမတီ မြို့ရိုးနှင့် မြို့ဝင်ပေါက်များ ကြွင်းကျန်ရှိနေသည့် ပုံသဏ္ဌာန်များ အပြည့်အဝ ရရှိနိုင်ရန်အတွက် အလျားလိုက် တူးဖော်သုတေသန ဆောင်ရွက်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် ယဉ်ကျေးမှုဆိုင်ရာ ဖြစ်စဉ်များကို သိရှိနိုင်ရန်အတွက် အနက်ချတူးဖော်သုတေသန ဆောင်ရွက်သည့် နည်းစနစ်များဖြင့် ချဉ်းကပ် တူးဖော်လျက်ရှိသည်။ ထိုသို့ တူးဖော်သုတေသနပြုနိုင်ရန် စာအုပ်စာပေအချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ တူးဖော်မှု ခွင့်ပြုချက်ရယူခြင်း စသည့်လုပ်ငန်းစဉ်များကို ကြိုတင်ဆောင်ရွက်ကြရသည်။

ထို့နောက် သုတေသန နည်းစနစ်များဖြင့် တူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့်အခါ တူးဖော်မှုလုပ်ငန်းရပ်တိုင်းကို စနစ်တကျ ဆောင်ရွက်ရသည့်အပြင် ယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းများ ပြန်လည်ရယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ အစီရင်ခံစာရေးသားတင်ပြခြင်း စသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကိုပါ တစ်ပါတည်း ဆောင်ရွက်ရကြောင်း တူးဖော်သုတေသနလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

"လက်ရှိမှာက မြို့ဟောင်းတံခါးပေါက် ၂၀ ထဲက မော်ကွန်းတံခါးပေါက်ကို တူးဖော်သုတေသနပြုလျက်ရှိပါတယ်။ ဒီကေတုမတီမြို့ဟောင်းရဲ့ အားသာချက်က မြို့ရိုးနဲ့ ရေကျုံး လေးဖက်လေးတန်လုံး မြို့ရိုးတန်း ထင်ထင်ရှားရှား ကျန်နေတယ်။ ရေကျုံးမှာဆိုရင် ရေအပြည့်နဲ့ ကျန်ရှိတယ်။ ဒါကြောင့် မြို့ရိုးနဲ့ မူလတံခါးဝင်ပေါက်တွေကို ဖော်ထုတ်ထိန်းသိမ်းပြီး အများပြည်သူလေ့လာနိုင်အောင် စီစဉ်သွားမှာဖြစ်ပါတယ်" ဟု တူးဖော်သုတေသနလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောကြားသည်။

တောင်ငူ ကေတုမတီမြို့ဟောင်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တည်ရှိသည့် မြို့တော်ဟောင်းတစ်ခုဖြစ်ပြီး မြို့တော်ဟောင်း ပုံစံသည် လေးထောင့်ပုံသဏ္ဌာန် တည်ရှိသည်။ မြို့ရိုးကို အုတ်ဖြင့် တည်ဆောက်ထားပြီး အုတ်မြို့ရိုး၏ အတွင်းဘက်တွင် မြို့ရိုး ပိုမိုကြံ့ခိုင်စေရန်အတွက် မြေသားများဖြင့် ထောက်ပိုးထားသည်။ မြို့ရိုး၏ အပြင်ဘက်တွင် ရေကျုံး၊ နံ့ကျုံးတို့ဖြင့် ဝန်းရံထားသည်။

"တူးဖော်တွေ့ရှိချက်ရလဒ်တွေအရ လက်ရှိ တူးဖော်သုတေသန ဆောင်ရွက်တဲ့နေရာက တောင်ငူ ကေတုမတီမြို့ဟောင်း မြောက်ဘက်မြို့ဝင်ပေါက်တံခါးနေရာတစ်ခုအဖြစ် အတည်ပြုနိုင်ပါတယ်။ လက်ရှိအနေအထားအထိ တူးဖော်သုတေသန ဆောင်ရွက်ခြင်းရလဒ်မှာ မြို့ဝင်ပေါက်ရဲ့ အခြေခံအဆောက်အအုံ သွင်ပြင်လက္ခဏာတွေဖြစ်တဲ့ ပြအိုးနေရာ၊ မြို့ရိုးနဲ့ ချိတ်ဆက်တည်ဆောက်ထားတဲ့ မြို့ဝင်ပေါက်လက်တံ အထောက်အထားတွေကို တူးဖော်တွေ့ရှိထားပြီး ဖြစ်ပါတယ်" ဟု ကွင်းဆင်းတူးဖော် ပညာဌာနမှ ကထိက ဦးဇင်ဦးက ပြောသည်။

မြို့တည်မှုအခင်းအကျင်းများကို လေ့လာရာတွင် မြို့ဟောင်းရှိ မြို့ဝင်ပေါက်နှင့် လမ်းများ၏ တည်ရှိမှု ပုံသဏ္ဌာန်သည် စနစ်တကျမဟာဗျူဟာမြောက် ဖောက်လုပ်ဆက်သွယ်ထားသည်။ မြို့တွင်းရှိ အဓိက လမ်းမကြီးများသည် မြို့ဝင်ပေါက်များနှင့် ဆက်သွယ်ထားသည့်အတွက် ကုန်သွယ်ကူးသန်းသွားလာမှုအပါအဝင် ဆက်သွယ်သွားလာရေး လွယ်ကူစေရန် စီမံထားခြင်းလည်း ဖြစ်နိုင်သည်။

မြို့ရိုးပတ်လည်တွင် ကျုံးများအဆင့်ဆင့် ကာရံထားခြင်းဖြင့် မြို့တော်အတွင်း ရန်သူများ အလွယ်တကူ မဝင်ရောက်နိုင်ရန် မြို့တော်လုံခြုံရေးကို အဆင့်မြှင့်ထားသည်။ ထို့ပြင် မြို့ရိုးကြံ့ခိုင်မှု အားကောင်းစေရန် အဆင့်နှစ်ဆင့်ခံပြီး တည်ဆောက်ထားသည်ကို တူးဖော်သုတေသန ဆောင်ရွက်မှုရလဒ်များမှတစ်ဆင့် သိရှိခဲ့ရပြီး ဖြစ်သည်။

လေးထောင့်ကျကျ တည်ရှိနေသည့် မြို့တော်၏ အလယ်ချက်နေရာများကို တော်ဝင်နန်းတော်ရာနေရာများ၊ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများဖြင့် စုဖွဲ့တည်ဆောက်ထားခဲ့သည်။ ထို့အတူ မြို့တော်၏ မြို့ပြနေရာများတွင် ဘုရား၊ ကျောင်း၊ သိမ်၊ ကန်၊ နေအိမ်များ၊ ကုန်စည်ဖြန့်ဖြူးရာနေရာများလည်း ပါဝင်နေသည်။ *စာမျက်နှာ ၇ သို့*

**❝ တောင်ငူ ကေတုမတီမြို့ဟောင်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တည်ရှိသည့် မြို့တော်ဟောင်းတစ်ခုဖြစ်ပြီး မြို့တော်ဟောင်း ပုံစံသည် လေးထောင့်ပုံသဏ္ဌာန် တည်ရှိသည်။ မြို့ရိုးကို အုတ်ဖြင့် တည်ဆောက်ထားပြီး အုတ်မြို့ရိုး၏ အတွင်းဘက်တွင် မြို့ရိုး ပိုမိုကြံ့ခိုင်စေရန်အတွက် မြေသားများဖြင့် ထောက်ပိုးထားသည်။ မြို့ရိုး၏ အပြင်ဘက်တွင် ရေကျုံး၊ နံ့ကျုံးတို့ဖြင့် ဝန်းရံထား ❞**



၂၅-၉-၂၀၂၄ နေ့တွင် မော်ကွန်းတံခါးနေရာအား တူးဖော်သုတေသန မဆောင်ရွက်မီ ပဏာမစမ်းသပ်တူးဖော်ခြင်းလုပ်ငန်း (တူးဖော်မှု ကျင်းကွက်ဧရိယာတွင် သက်ရောက်မှုအန္တရာယ်လျော့နည်းအောင် တူးဖော်မှုဝန်ထမ်းများက လိုအပ်သည့်နေရာများကို ကြိုတင်စစ်ဆေးခြင်းနှင့် အနီးကပ်ကြီးကြပ်ခြင်း)။



မော်ကွန်းတံခါးမြို့ဝင်ပေါက်နေရာတွင် Topographic Data ကောက်ယူခြင်းပြပုံ။



တူးဖော်သုတေသန မဆောင်ရွက်မီ တူးဖော်မှုကုန်းအား မြင်တွေ့ရပုံ။





တူးဖော်မှုကာလအတွင်း မြင်တွေ့ရသည့် မော်ကွန်းတံခါးပေါက်နှင့် ဆက်စပ်နေသည့် မြို့ရိုးနှင့် မြို့ဝင်ပေါက်၏ ညာဘက်အစိတ်အပိုင်းပြပုံ(အထက်)။ မြို့ဝင်ပေါက်ရှေ့ရှိ ဆုတ်တက်စီထားသည့် အုတ်ရိုးတန်း(အလယ်)။ မြို့ဝင်ပေါက်လက်တံ၏ အတွင်းဘက်အပိတ်အုတ်ရိုးတန်း(အောက်)။





မြို့ဝင်ပေါက်ရှေ့ရှိ ဆုတ်တက်စီထားသည့် အုတ်ရိုးတန်း(အထက်)။ ညာဘက်မြို့ဝင်ပေါက် လက်တံကို အနောက်ဘက်မှ မြင်တွေ့ရပုံ(အလယ်)။ မော်ကွန်းတံခါးပေါက်၏ ဘယ်ဘက်မြို့ဝင်ပေါက်နေရာတွင် တွေ့ရှိရသည့် အုတ်ရိုးတန်း(အောက်)။





ညာဘက်မြို့ဝင်ပေါက်အုတ်နံရံအား အနောက်ဘက်မှ မြင်တွေ့ရပုံ(အထက်)။ ညာဘက်မြို့ဝင်ပေါက် လက်တံနေရာတွင် အုတ်ရိုးတန်းများ ဖော်ထုတ်နေခြင်းပြပုံ(အလယ်)။ မြို့ဝင်ပေါက်ရှေ့ရှိ ထပ်မံအသစ်တွေ့ရှိရသည့် အုတ်ရိုးတန်းအစိတ်အပိုင်း ဖော်ထုတ်နေခြင်းပြပုံ(အောက်)။


*စာမျက်နှာ ၆ မှ*

မြို့ဟောင်းဝန်းကျင်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံနေရာများဖြစ်သည့် ဘုရားကျောင်းများနှင့် စေတီပုထိုးများသည် ဗုဒ္ဓဘာသာလွှမ်းမိုးမှုတို့ကို ထင်ဟပ်လျက်ရှိပြီး စည်ပင်ဝပြောခဲ့သည့် မြို့ပြ၏ အထင်ကရသွင်ပြင်လက္ခဏာများလည်းဖြစ်သည်။ ထိုအဆောက်အအုံများသည် ဝတ်ပြုရာနေရာများအဖြစ်သာမက ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများ၏ ဗဟိုချက်လည်းဖြစ်သည်။


"ကျွန်တော်တို့ ဒေသက စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဖြစ်ထွန်းတယ်။ ဘုရားစေတီ၊ ကျောင်း၊ ကန် ပေါများတယ်။ မြို့တော်ဟောင်းရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေလည်း တည်ရှိတယ်။ အဘက်ဘက်က ပြည့်စုံတယ်။ ဒေသခံတစ်ဦးအနေနဲ့ ကိုယ့်ရပ်ရွာမှာ ဒီထက်ဖွံ့ဖြိုးစေချင်တယ်။ ခရီးသွားတွေ အများကြီးလာစေချင်တယ်။ ကိုယ့်ဒေသမှာ ထိန်းသိမ်းစောင့်ရှောက်ရမယ့် အမွေအနှစ်တွေလည်း ပေါများတော့ အခုလည်း သက်ဆိုင်ရာဌာနတွေက လုပ်ဆောင်နေကြပါတယ်။ ဒီအတွက် နိုင်ငံတော်ကလည်း အားပေးတယ်။ ဒါကြောင့် ဒီဒေသအတွက် ယဉ်ကျေးမှုပြတိုက်ကြီးတွေ၊ ဟိုတယ်ဇုန်တွေနဲ့ စည်ကားစေချင်တယ်" ဟု တောင်ငူမြို့မှ ဦးဇော်ကိုကို က ပြောသည်။

လက်ရှိ မော်ကွန်းတံခါး တူးဖော်သုတေသနဆောင်ရွက်ထားသည့်အနေအထားအထိ ရှေးဟောင်းသုတေသနဆိုင်ရာ သွင်ပြင်လက္ခဏာ သုံးခု တွေ့ရှိထားပြီးဖြစ်သည်။ မော်ကွန်းတံခါးနှင့် ဆက်စပ်နေသည့် မြို့ရိုးအစိတ်အပိုင်း၊ မြို့ဝင်ပေါက်၏ အရှေ့ဘက်အနီးတွင် တွေ့ရှိရသည့် အုတ်ရိုးတန်းအထောက်အထားနှင့် မော်ကွန်းတံခါး ဝင်ပေါက်လက်တံ အစိတ်အပိုင်း စသည့် သွင်ပြင်လက္ခဏာသုံးခုကို တွေ့ရှိရကြောင်း တူးဖော်သုတေသနကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

"ဒီလို ယဉ်ကျေးမှုအမွေအနှစ်တွေ ရှိတဲ့အတွက် ဒေသရဲ့ ခရီးသွားလုပ်ငန်းကို အဆင့်မြှင့်တင်နိုင်တယ်။ ဒီလိုမြှင့်တင်ရင်းနဲ့ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုလုပ်ငန်းတွေကိုပါ တစ်ပါတည်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလိုဖွံ့ဖြိုးမှုတွေ ရရှိလာဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ ပြည်သူတွေအားလုံး ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောကြားသည်။



မော်ကွန်းတံခါးပေါက်နှင့် ဆက်စပ်နေသည့် မြို့ရိုးနေရာ၌ မြို့ရိုးတည်ဆောက်မှုစနစ်ကို သိရှိနိုင်စေရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ မြေလွှာစမ်းသပ်တူးဖော်သုတေသန ဆောင်ရွက်ခြင်းပြပုံ။



ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်ကြည့်ရှုမှာကြားခြင်း။





မော်ကွန်းတံခါးပေါက် တူးဖော်သုတေသန ဆောင်ရွက်နေစဉ် စည်ပင်သာယာရေးဝန်ကြီး လာရောက်မှာကြားခြင်းပြပုံ (အထက်)။ နေပြည်တော် တူးဖော်၊ ရှေးပစ္စည်း၊ ကမ္ပည်းကျောက်စာဌာနခွဲမှ ညွှန်ကြားရေးမှူး လာရောက် ကြည့်ရှုမှာကြားခြင်း(အောက်)။

ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သော်လည်း လေးကျွန်းကန်တော်ကြီးသည် တောင်ငူခေတ် အမွေအဖြစ် ယနေ့တိုင် တည်ရှိနေသည်။ ယနေ့အထိ တောင်ငူခေတ် သမိုင်းဝင်ဘုရား စေတီပုထိုးများကိုလည်း ဖူးမြော်ကြည်ညိုခွင့် ရရှိနေသေးသည်။ လက်ရှိတွင် မြို့ဟောင်း မြို့ရိုးများကို တူးဖော်ကာ ဘိုးဘေးတို့၏အမွေအနှစ်များကို ထိန်းသိမ်းလျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံသားများသည် အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရင်း ကြွင်းကျန်ရစ်သည့် ဘိုးဘေးတို့၏ အမွေအနှစ်များကို နောင်မျိုးဆက် အဆက်ဆက်တိုင် လက်ဆင့်ကမ်းပြီး မြန်မာ့ယဉ်ကျေးမှုတန်ဖိုးကို မြှင့်တင်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# (၆၄) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် သည် ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (၆၄) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပြည့်စုံရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တောင်သူများနှင့် ကိုယ်တိုင်တွေ့ဆုံစဉ် တောင်သူများ၏ အခက်အခဲများနှင့် ဆောင်ရွက်နေမှု အခြေအနေများကိုသိရှိလိုပါကြောင်း၊ တောင်သူများ၏ လက်တွေ့ဘဝများထံမှ စိုက်ပျိုးရေးဆိုင်ရာပညာရပ်များအသုံးချမှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို တိုက်ရိုက်တွေ့ဆုံကာ ဆွေးနွေးလိုခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ဦးစိုးလွင်အေးက **“တောင်သူအစုအဖွဲ့များဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း”** ခေါင်းစဉ်ဖြင့် အသင်း၏ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။


ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာခင်မျိုးဝင်းက ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် ထုတ်ဝေပြီး ဆီထွက်သီးနှံမျိုးများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒေါက်တာသက်ရည်ခိုင်က ဆီထွက်သီးနှံများတွင် ကျရောက်တတ်သော ရောဂါများနှင့် သီးနှံကာကွယ်ရေးနည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒေါက်တာခင်မာမြိုင်က ဆီထွက်သီးနှံများတွင် ကျရောက်တတ်သော ဖျက်ပိုးများနှင့် ကာကွယ် နှိမ်နင်းနည်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒေါက်တာမာမာဝင်းက ဆီထွက်ပဲပုပ်သီးနှံ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြရာ တက်ရောက်လာသည့် တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးမှုများအပေါ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ဖြည့်စွက်ဆွေးနွေးကာ ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Video Clip အား ပြသသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ နည်းပညာဆွေးနွေးပွဲသို့ နေပြည်တော် ကောင်စီနယ်မြေတွင်းမှ စိုက်ပျိုးရေး ပညာရှင် ၅၀ နှင့် တောင်သူ ၁၂၀ တို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေး ပညာရှင်များနှင့် တောင်သူ ၃၀၀ တို့က Zoom point ၁၀၀ မှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရုရှားဖက်ဒရေးရှင်းနိုင်ငံ “RC-Investments” Foundation မှ Director အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ “RC–Investments” Foundation မှ Director Mr. Alexander S. SHATIROV အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး ဟားခါးမြို့ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းတွင် (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်း၌ ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တစ်ဦးချင်းအခက်အခဲများကိုမေးမြန်းကာ လုံခြုံရေးအသိဖြင့် သွားလာကြရန်၊ မိမိတို့ဝန်ထမ်းဘဝတိုးတက်ရေးအတွက် ကိုယ်စီ ကြိုးစားအားထုတ်ကြရန် တိုက်တွန်းမှာကြားပြီး ဦးစီးဌာနအလိုက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ကလေးမြို့ရှိ ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ခရီးသည်များအား စိတ်ငြိုငြင်အောင် ပြုမူဆောင်ရွက်ပြီး အရှိန်ပြင်းမောင်းနှင်ခဲ့သည့် YBS - 110 ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးကို ထုတ်ပယ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ခရီးသည်များအား စိတ်ငြိုငြင်အောင် ပြုမူဆောင်ရွက်ပြီး အရှိန်ပြင်းမောင်းနှင်ခဲ့သည့် YBS– 110 ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးကို ထုတ်ပယ်လိုက်ကြောင်း YUPT Public Co., Ltd က အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ YBS – 110 ယာဉ်လိုင်းမှာ ယုဇနဥယျာဉ်မြို့တော်မှ ဆူးလေ (မြို့တော်ခန်းမ) သို့ ပြေးဆွဲနေသည့် ယာဉ်လိုင်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီဝန်းကျင်ခန့် သံသုမာလမ်းမပေါ် YBS –110 ယာဉ်တစ်စီးမှ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ခရီးသည်နှင့် ယာဉ်မောင်းကြား အချေအတင်ဖြစ်ပွားမှု မှတ်တမ်းဗီဒီယိုကို YBS စီးနင်းသည့် ခရီးသည်တစ်ဦးထံမှကူးယူ၍ YBSလမ်းညွှန် Group တွင် ဖော်ပြထားသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး YBS – 110 ယာဉ်လိုင်းမှ ယာဉ်မောင်းအား ဖေဖော်ဝါရီ ၁၇ ရက်တွင် YBS လမ်းညွှန် Group Facebook page တွင် ခရီးသည်တစ်ဦး၏ တိုင်ကြားချက်အရ စစ်ဆေးခဲ့ရာ ယာဉ်မောင်းသည် ခရီးသည်များအား စိတ်ငြိုငြင်အောင် ပြုမူဆောင်ရွက်ခြင်း၊ အရှိန်ပြင်းမောင်းနှင်သည့်အတွက် ခရီးသည်များ ထိတ်လန့်မှုဖြစ်ပေါ်စေခြင်းများ မှန်ကန်ခဲ့သဖြင့် YUPT Public Co.,Ltd က ထုတ်ပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း အသိပေးထားသည်။



လမ်းကြောင်းပေါ်တွင် ပြေးဆွဲနေသည့် YBS ယာဉ်တစ်စီးအား တွေ့ရစဉ်။

YUPT Public Co.,Ltd နှင့် ပတ်သက်၍ မကျေနပ်မှုများရှိပါက ဖုန်း ၀၉၄၅၄၅၄၆၆၅၅၊ ၀၉၈၉၃၄၇၅၆၄၄ နှင့် YARGON URBAN PUBLIC TRANSPO–RTAION PUBLIC CO., LTD Facebook page မှလည်း တိုင်ကြားနိုင်ကြောင်း အဆိုပါကုမ္ပဏီက အသိပေးထားသည်။ **မေသက်**

## အများအားဖြင့်သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ဖေဖော်ဝါရီ ၂၃ ရက်တွင် အများအားဖြင့် သာယာမည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပဋ္ဌမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ဂုဏ်ပြုညစာစားပွဲဖြင့် ကြိုဆိုတည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့က ဂုဏ်ပြုတက်ရောက်ကြသည်။

**လုပ်ငန်းရှင်များ တက်ရောက်**

ထို့ပြင် ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာအိစ်ကန်ဒဲ အာဇီဇော့ဗ်နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်**

ညစာစားပွဲတွင် ရုရှား - မြန်မာ အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးက နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသူများက မြန်မာ-ရုရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ပြီး အစွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ EV ကုမ္ပဏီများနှင့် ကားဝပ်ရှော့များမှ သင်တန်းသားများ EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၂/၂၀၂၅) ဆင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင် ကောလိပ် (TTTC ဘယ်လင်း) ၌ ကျင်းပသည့် EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၂/၂၀၂၅) ဆင်းပွဲအခမ်းအနားသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက သင်တန်းဆင်းများသည် သင်တန်းတွင် လေ့လာသိရှိခဲ့ကြသည့် EV ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့် သုံးစွဲနိုင်ရေး၊ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများနှင့် အသိပညာများကို လုပ်ငန်းခွင်များတွင် ထိရောက်စွာ ပြန်လည်အသုံးချကြရန်နှင့် ပြည်သူများအပါအဝင် EV Stakeholders များ၏ လက်ဝယ်အရောက် ထိရောက်ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် သင်တန်းဆင်းတစ်ဦးက သင်တန်းဆင်းများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး (TTTC ဘယ်လင်း) ကျောင်းအုပ်ကြီးက သင်တန်းဆင်းများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အခမ်းအနားသို့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နည်းပညာ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ ဗို့အားမြင့် မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ပြဿနာရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ် ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့် သင်ထောက်ကူမော်ကျူးများဖြင့် ဖေဖော်ဝါရီ ၃ ရက်မှ ၂၁ ရက်အထိ သင်တန်းကာလ သုံးပတ်အတွင်း တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်းဖြင့် လေ့ကျင့်ပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ EV ကုမ္ပဏီများနှင့် ကားဝပ်ရှော့များမှ သင်တန်းသား ၁၉ ဦးနှင့် ဌာနဆိုင်ရာ သင်တန်းသား လေးဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်မဲမြို့နယ် တကောကျေးရွာ၌ ဆောင်းနေကြာ ငါးကေ စံပြစိုက်ခင်း အောင်မြင်ဖြစ်ထွန်း

**အိမ်မဲ ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး တကောကျေးရွာ၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ် သမဝါယမအသင်းစုမှ စားသုံးဆီ ဖူလုံစေရေးအတွက် ရည်ရွယ်ပြီး ဆောင်းနေကြာ ငါးကေ စံပြစိုက်ခင်း စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



အဆိုပါနေကြာ ငါးကေ စံပြစိုက်ခင်းအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်က စတင်စိုက်ပျိုးခဲ့ပြီး ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မင်းသိန်း၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဇော်မင်းဦးနှင့် မြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ သမဝါယမအသင်းသားများက နေကြာစိုက်ခင်းအား ဝတ်မှုန်ကူးခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဖေဖော်ဝါရီ ၂၂ ရက် မြန်မာစံတော်ချိန် ၄ နာရီ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**


## ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး


# လိင်မှုဆိုင်ရာ ကျန်းမာရေးကောင်းမွန်စေရန် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်ခြင်း

**ယနေ့ခေတ်ကမ္ဘာကြီးတွင် ကပ်ရောဂါအသွင်ဖြစ်ပွားနေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(HIV/AIDS)နှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါ (Sexually Transmitted Infections–STIs)များ ဖြစ်ပွားနေမှုသည် ၂၀၂၂ ခုနှစ်ကုန်အထိရရှိသော စာရင်းဇယားများအရ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(HIV) ပိုး ကူးစက်ခံနေရသူသည် ကမ္ဘာတစ်ဝန်း၌ ၃၉ သန်းခန့်ရှိပြီး အရှေ့တောင်အာရှဒေသတစ်ခုထဲတွင်ပင် ၃ ဒသမ ၉ သန်းခန့် HIV ပိုး ကူးစက်ခံနေရပါသည်။**

ဒေါက်တာထွန်းညွန့်ဦး

လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ(STIs)များအနက် ပျောက်ကင်းအောင် ကုသနိုင်သည့် Syphilis, Gonorrhoea, Chlamydia နှင့် Trichomoniasis ကဲ့သို့သော ရောဂါလေးမျိုးသည်ပင် ယနေ့ထိတိုင် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးကဏ္ဍအတွက် အဓိက စိန်ခေါ်မှုအဖြစ် ရှိနေဆဲပင်ဖြစ်ပေသည်။ ၂၀၂၁ ခုနှစ်ကုန် စာရင်းဇယားများအရ ကမ္ဘာတစ်ဝန်း (၁၅–၄၉) နှစ်အရွယ်ရှိသူများတွင် ယင်းလိင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါလေးမျိုး၏ အသစ် ကူးစက်ဖြစ်ပွားမှု (Incidence) သည် ၃၇၄ သန်းအထိ ရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသတစ်ခုထဲတွင်ပင် သန်း ၆၀ အထိရှိနေကြောင်းနှင့် ကမ္ဘာတစ်ဝန်း၌ နေ့စဉ်လူတစ်သန်းခန့်အထိ လိင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါပိုးအသစ်ကူးစက်ခံနေရကြောင်းကိုလည်း လေ့လာသိရှိရပါသည်။




ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ၁၅–၄၉ နှစ်အရွယ် ရှိသူများအနက် HIV ကူးစက်ခံရမှုနှုန်းသည် ၀ ဒသမ ၆၇ ရာခိုင်နှုန်းရှိပြီး HIV ပိုးရှိ ရှင်သန်သူမှာ ၂၈၃၀၀၀ ခန့်ရှိကြောင်း သိရှိရပါသည်။ ၂၀၂၄ ခုနှစ်ကုန်အထိရရှိသော စာရင်းဇယားများအရ မြန်မာနိုင်ငံအတွင်း (HIV/AIDS) ရောဂါသည်အားလုံး၏ ၇၆ ရာခိုင်နှုန်းကို Lifelong ART (အေအာရ်တီဆေး) ဖြင့် ကုသပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ HIV ပိုးရှိ ကိုယ်ဝန်ဆောင်မိခင်မှ မိမိရင်သွေးသို့ ရောဂါပိုးကူးစက်မှု ကာကွယ်ခြင်း (Prevention of Vertical Transmi–ssion–PMTCT) လုပ်ငန်းသည်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၈၅ ရာခိုင်နှုန်းအထိ လွှမ်းခြုံမှုပေးထားနိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အနေဖြင့် ကာကွယ်၊ ကုသရေးလုပ်ငန်းများကို စီမံချက်ထား ဆောင်ရွက်နေခြင်းကြောင့် ဦးတည်အုပ်စုများအကြား ကာလသားရောဂါ (Syphilis) ဖြစ်ပွားမှုနှုန်းသည် ၂၀၀၇ မှ ၂၀၂၀ ပြည့်နှစ်အတွင်း သိသာစွာ ကျဆင်းလာခဲ့သည်။

ရောဂါပိုးအသစ် ကူးစက်ခံရမှုနှင့် ဖြစ်ပွားမှုနှုန်း ကျဆင်းလာမှုတို့တွင် "Biomedical, Structural နှင့် Behavioral Intervention များပါဝင်သည့် ပေါင်းစပ်ကာကွယ်ရေးအစီအစဉ် (Combination Prevention Progra–mme) သည် အရေးပါလှပါသည်။

ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသော လိင်ဆက်ဆံမှုအားလုံးတွင် ကွန်ဒုံးကို စနစ်တကျနှင့် မှန်ကန်စွာအသုံးပြုခြင်း (Condom Promotion)နှင့် ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသူများနှင့် လိင်ဆက်ဆံမှုမှ ရှောင်ကြဉ်ခြင်း (Abstinence) နည်းလမ်းများသည် HIV နှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်ရာတွင် အခြေခံကျ၊ ထိရောက်သည့် နည်းလမ်းများဖြစ်ပါသည်။

မိမိအခြေအနေကို သိရှိအောင် စမ်းသပ်စစ်ဆေးခြင်း (Know Your Status) အတွက် ရွေးချယ်စရာနည်းလမ်းများဖြစ်သော– မိမိအနေဖြင့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ဆေးခန်း (NAP Clinic)နှင့် ပြည်သူ့ဆေးရုံ၊ လူထုအခြေပြုကွင်းဆင်းစစ်ဆေးပေးသည့်နေရာ (Community–based Clinic) များတွင် စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသည့် **"အညွှန်းခံရသူ"**ကို ရှာဖွေစစ်ဆေးခြင်း (Index case testing)နှင့် မိမိကိုယ်တိုင် လျှို့ဝှက်စွာ စမ်းသပ်စစ်ဆေးခြင်း (Self–testing) စသည့် နည်းလမ်းများအနက် မိမိနှစ်သက်သည့်နည်းလမ်းကို ရွေးချယ်နိုင်ပါသည်။

ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသည့် **"အညွှန်းခံရသူ"**ကိုရှာဖွေစစ်ဆေးခြင်း (Index case testing) ဆိုသည်မှာ ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသည့် **"အညွှန်းခံရသူ"**ကို ရှာဖွေစစ်ဆေးပြီး ရောဂါပိုးတွေ့ပါက ထိုသူနှင့်ဆက်စပ်နီးနွယ်ထားသူများ (ဥပမာ– လိင်ဆက်ဆံဖော်၊ သား၊ သမီးနှင့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူဖြစ်ပါက ဆေးထိုးအပ်မျှဝေသုံးစွဲသူ စသည်ဖြင့် ကွင်းဆက်ယူကာ ဆက်လက်စမ်းသပ် စစ်ဆေးသွားသည့် နည်းလမ်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ စစ်ဆေးရာတွင် စမ်းသပ်စစ်ဆေးခံသူ၏ လျှို့ဝှက်ချက်ကို သေချာစွာ စောင့်ထိန်းရမည်ဖြစ်ပြီး အကယ်၍ ရောဂါပိုးစစ်ဆေးတွေ့ရှိပါကလည်း ညွှန်းပို့ပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားရပါမည်။


ကိုယ်တိုင်နမူနာယူခြင်း (Self–sampling) နည်းလမ်းသည် မိမိတွင် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါပိုးကူးစက်ခံရခြင်း ရှိ၊ မရှိ အခြေအနေကို သိရှိရန်အတွက် များစွာအဆင်ပြေပြီး ကိုယ်ရေးကိုယ်တာကိုလည်း ထိန်းသိမ်းနိုင်သည့် နည်းလမ်းဖြစ်ပါသည်။ ဤနည်းလမ်းဖြင့် အချိန်မီဆောလျင်စွာ ကုသမှုခံယူနိုင်ပြီး ကူးစက်မှုအန္တရာယ်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

❖ **ရောဂါပိုးကူးစက်မခံရမီ ကြိုတင်ကာကွယ်ခြင်း (Pre-exposure Prophylaxis- PrEP) နည်းလမ်းသည် ထိရောက်သောကာကွယ်ရေးမဟာဗျူဟာတစ်ခုပင် ဖြစ်ပါသည်။ ဤနည်းလမ်းအတွက် သောက်ဆေး (Oral PrEP)အပြင် အမျိုးသမီးများအတွက် Dipivirine ARV ပါဝင်သည့် Vaginal ring ကို အမျိုးသမီးကိုယ်တွင်းထည့်သွင်းပြီး တစ်လတစ်ကြိမ် လဲလှယ်ပေးသည့် နည်းလမ်းသည် ရောဂါပိုးကူးစက်ရန် အန္တရာယ်များသော အခြေအနေများရှိသည့် အမျိုးသမီးများအတွက် ရွေးချယ်စရာများထဲမှ တစ်ခုပင်ဖြစ်**

*စာမျက်နှာ ၁၀ မှ*

အောက်ဖော်ပြပါပုံများတွင် ပြသထားသည့်အတိုင်း အာခံတွင်း၊ မိန်းမကိုယ်၊ စအို စသည့်နေရာများမှ (Self-sampling) နမူနာယူနိုင်မည်ဖြစ်ပါသည်။




ကုသမှုဖြင့် ကာကွယ်ခြင်း (Treatment as Prevention) နည်းလမ်းသည် အလွန်ထိရောက်သော မဟာဗျူဟာတစ်ခုပင်ဖြစ်ပါသည်။ Lifelong ART (အေအာရ်တီဆေး) ကို စနစ်တကျ ပုံမှန်သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း HIV ဗိုင်းရပ်စ်ကို ပုံမှန်စမ်းသပ်စစ်ဆေးခြင်းနည်းလမ်းဖြင့် ရှာဖွေမတွေ့နိုင်သည့်အဆင့် (Undetectable Level) အထိ လျှော့ချနိုင်ပြီး ၎င်းအခြေအနေသို့ ရောက်ရှိပါက အခြားသူတစ်ဦးသို့ ထပ်မံမကူးစက်နိုင်သည့် အဆင့် (Un-trans-mittable Level) အထိ ရောက်ရှိသွားစေမည်ဖြစ်ပါသည်။ ယင်းအခြေအနေကို နိုင်ငံတကာတွင် "U=U" ဟုခေါ်ဆိုသုံးနှုန်းပါသည်။

မိမိနှင့် မိမိ၏ လိင်ဆက်ဆံဖော်တွင် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါ (STIs) ရှိနေပါက ပျောက်ကင်းသည်အထိ ထိထိရောက်ရောက် ကုသမှုခံယူခြင်းဖြင့် ရောဂါပြန်လည်ကူးစက်မှု (Reinfection) နှင့် အခြားသူများကို ထပ်မံကူးစက်ခြင်း စသည်တို့ကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ်ခန့်တွင် မြန်မာနိုင်ငံ၌ စတင်ခဲ့သော မိခင်မှကလေးသို့ HIV ရောဂါပိုး ကူးစက်မှုကာကွယ်ခြင်း (Pre-vention of Vertical Transmission-PMTCT) စီမံချက်သည် ကိုယ်ဝန်ဆောင်မိခင်များအတွက် မိမိရင်သွေးကို ရောဂါပိုးကူးစက်မှုမှ ကာကွယ်ရန် အထိရောက်ဆုံးသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ HIV နှင့် Syphilis ရောဂါ နှစ်မျိုးလုံးကို တစ်ပြိုင်နက် စမ်းသပ်စစ်ဆေးပေးနိုင်သည့် Dual Test kit များကို ဝယ်ယူဖြန့်ဖြူးထားရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မိခင်မှကလေးသို့ HIV နှင့် Syphilis ရောဂါ နှစ်မျိုးလုံး ကူးစက်ခံရမှုကင်းစင်ပပျောက်သည်အထိ (Dual elimination of mother to child transmission of HIV and Syphilis) ဆောင်ရွက်သွားရန်နှင့် ဖြစ်နိုင်လျှင် အသည်းရောင်အသားဝါဘီပိုးကူးစက်ခံရမှုကိုပါ ကင်းစင်ပပျောက်အောင် ပေါင်းစပ်ဆောင်ရွက်ရန်(Triple elimination) ရည်ရွယ်ချက်ထိထားရှိပြီး ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ ဤအစီအစဉ်တွင် ကိုယ်ဝန်ဆောင်မိခင်သာမက ဇနီးမောင်နှံစမ်းသပ်စစ်ဆေးကုသခြင်း (Spouse testing) သည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပါသည်။

ရောဂါပိုးကူးစက်မခံရမီ ကြိုတင်ကာကွယ်ခြင်း (Pre-exposure Prophylaxis- PrEP) နည်းလမ်းသည် ထိရောက်သော ကာကွယ်ရေးမဟာဗျူဟာတစ်ခုပင် ဖြစ်ပါသည်။ ဤနည်းလမ်းအတွက် သောက်ဆေး (Oral PrEP)အပြင် အမျိုးသမီးများအတွက် Dipivirine ARV ပါဝင်သည့် Vaginal ring ကို အမျိုးသမီးကိုယ်တွင်း ထည့်သွင်းပြီး တစ်လတစ်ကြိမ် လဲလှယ်ပေးသည့် နည်းလမ်းသည် ရောဂါပိုး ကူးစက်ရန် အန္တရာယ်များသော အခြေအနေများရှိသည့် အမျိုးသမီးများအတွက် ရွေးချယ်စရာများထဲမှ တစ်ခုပင်ဖြစ်ပါသည်။

Cabotegravir ကဲ့သို့ Long-acting injectable ARV ထိုးဆေးများသည်လည်း နိုင်ငံတကာဈေးကွက်ထဲတွင် စတင်မိတ်ဆက်လာနေပြီဖြစ်ပါသည်။ အစောပိုင်းကာလ ဆေးဘက်ဆိုင်ရာသုတေသနပြုချက် (Clinical trials) များအရ ၎င်း Cabotegravir ထိုးဆေးကို နှစ်လ



တစ်ကြိမ်ပုံမှန်ထိုးပါက HIV ပိုးကူးစက်ခံရမှုကို ၉၉ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဈေးနှုန်းကြီးမြင့်မှုကြောင့် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရန် အခက်အခဲ ရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

ရောဂါပိုးကူးစက်ရန် အန္တရာယ်များသောသူနှင့်အတူနေပြီးနောက် ကာကွယ်ဆေးသောက်သုံးခြင်း (Post -exposure prophylaxis- PEP) သည် အန္တရာယ်ရှိသော အခြေအနေများတွင် HIV နှင့် အခြားသော လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို အချိန်မီကာကွယ်နိုင်ရန်အတွက် အရေးပါသော နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ PEP ကို ဖြစ်နိုင်သမျှ မြန်မြန်၊ အထူးသဖြင့် အန္တရာယ်ရှိသော အခြေအနေမှ ၇၂ နာရီအတွင်း စတင်သောက်သုံးရန် အရေးကြီးပါသည်။

ဆေးထိုးအပ်/ ဆေးထိုးပြွန်များကို မျှဝေသုံးစွဲမှု မပြုခြင်းသည်လည်း ထိရောက်သော ကာကွယ်ရေးနည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ ဆေးထိုးရန်လိုအပ်ပါက သန့်ရှင်းသော တစ်ခါသုံးဆေးထိုးအပ်အသစ်များကိုသာ အသုံးပြုခြင်းဖြင့် ဆေးထိုးသုံးစွဲမှုမှတစ်ဆင့် HIV ပိုးကူးစက်မှုကို ကာကွယ်နိုင်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသော Needle Syringe Programme- NSP သည် Safe inj-ecting practice အတွက် ပံ့ပိုးပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

မူးယစ်ဆေးဝါး အကြောတွင်းသို့ ထိုးသွင်းသုံးစွဲမှုကို ရှောင်ကြဉ်ခြင်းသည် ဆေးထိုးသုံးစွဲမှုမှတစ်ဆင့် HIV ပိုးကူးစက်မှုကို ၁၀၀ ရာခိုင်နှုန်းကာကွယ်နိုင်သော နည်းလမ်းဖြစ်ပါသည်။ မူးယစ်ဆေးအလွဲသုံးစွဲမှု နောက်ဆက်တွဲ ကျန်းမာရေးပြဿနာ (Substance use disorder) များနှင့် ပတ်သက်ပြီး အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုပေးသည့် ဝန်ဆောင်မှုများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်း ဆေးခန်းများတွင် ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် HIV နှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့် ပတ်သက်ပြီး အသိပညာမြှင့်တင်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကာကွယ်မှုနှင့် ကုသမှုပေးခြင်းစသည့် ရွေးချယ်စရာ နည်းလမ်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဤနည်းလမ်းများကို ပြည်သူလူထု တစ်ဦးချင်း/ တစ်ယောက်ချင်းစီအထိ ရောက်ရှိစေအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

HIV/ AIDS ကာကွယ်၊ ကုသရေးဆိုင်ရာ သုတေသနဆောင်ရွက်မှုများအနေဖြင့် ART ကုထုံးများကို တိုးတက်ကောင်းမွန်စေရန်၊ ကာကွယ်ဆေး (HIV Vaccines) များ တီထွင်ရန်နှင့် မျိုးရိုးဗီဇပြုပြင်ခြင်း (Gene editing) ကဲ့သို့ နည်းပညာအသစ်များကို စူးစမ်းရှာဖွေလျက်ရှိပါသည်။ မျိုးရိုးဗီဇပြောင်းလဲမှု (CCR5-delta 32 Gene mutation) ရှိပြီးသား အလှူရှင်ထံမှ ပင်မဆဲလ်အစားထိုးကုသမှု (Stem cell transplant) ခံယူခြင်းမှ မမျှော်လင့်ဘဲ HIV (ယာယီ)ရောဂါပျောက်ကင်းမှု (Long-term HIV remission) ရသွားသည့် **“ဘာလင်”** လူနာ (Berlin Patient- Timothy Ray Brown) နှင့် **“လန်ဒန်”** လူနာ (London Patient- Adam Castillejo) တို့သည် ဆောင်ရွက်ဆဲ ဆေးဘက်ဆိုင်ရာ သုတေသန လုပ်ငန်းများအတွက် တွန်းအားဖြစ်စေပါသည်။

မြန်မာနိုင်ငံတွင် လိင်မှုဆိုင်ရာ ကျန်းမာရေး ထိန်းသိမ်းနိုင်ဖို့အတွက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/ AIDS) နှင့် အခြားလိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါ (STIs)များ၏ ဖြစ်ပွားနေမှု၊ ကာကွယ်တားဆီးနိုင်သည့် နည်းလမ်းများ၊ တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာများအကြောင်းကို မျှဝေပေးရန် ရည်ရွယ်၍ ရေးသားလိုက်ရပါသည်။ ။

**ကိုးကား-**

**၂၂-၁-၂၀၂၅ ရက်နေ့တွင် ကျင်းပသော (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ၊ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့်အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန် ဆောင်ရွက်ခြင်း “ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှ” လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့် HIV ရောဂါကို ကာကွယ်ခြင်းဖြင့် ကျန်းမာရေးကိုထိန်းသိမ်းခြင်း**

## ကော့သောင်းမြို့၌ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်လျှော့ပါးရေး အသိပညာပေး

**ကော့သောင်း ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်လျှော့ပါးရေး အသိပညာပေး Talk Show ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ပြုလုပ်သည်။

အဆိုပါ Talk Show ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က မီးဘေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးအကြောင်း သိလိုသည့်အကြောင်းအရာများ မေးမြန်းရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသူရဝင်းက မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဖြစ်ပါကဆောင်ရွက်ချက်များ၊ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်ပေးရသည့် လုပ်ငန်းအမျိုးအစားများ၊ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်လုပ်ထားပါက ပြည်သူများအတွက်ရရှိသည့် အကျိုးကျေးဇူးများ၊ အရေးပေါ်ဖြစ်ပွားပါက ပြည်သူများအနေဖြင့် လျှော့ပါးအောင်ဆောင်ရွက်ထားရှိရမည့် နည်းလမ်းများ၊ ဌာနအနေဖြင့်လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်း ဆောင်ရွက်စဉ်။

ဇာဇာ(အထက်မင်းလှ)

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် အရာထမ်းရာထူးများအတွက် ရေးဖြေစာမေးပွဲ ကျင်းပဖြေဆိုမှု ကြည့်ရှုအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ် ၃/၂၀၂၄ ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၉ ခုရှိ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး နေရာ ၉၈၀ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့်မော်လမြိုင်မြို့များရှိ စာစစ်ဌာန ငါးခု၌ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။

အဆိုပါ ရေးဖြေစာမေးပွဲ ကျင်းပနေမှုများကို ယနေ့တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်နှင့် ဒေါ်ခင်မျိုးမြင့်တို့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ မန္တလေးစာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးရဲနိုင်သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ရန်ကုန်စာစစ်ဌာနသို့ လည်းကောင်း၊ အဖွဲ့ဝင် သူရဦးဘိုနီသည် မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းရှိ မကွေးစာစစ်ဌာနသို့ လည်းကောင်း၊ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်သည် နေပြည်တော် အမှတ်(၃)နှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်း ကျောင်းများရှိ နေပြည်တော်စာစစ်ဌာနသို့ လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးအောင်တင်စိုးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းရှိ မွန်ပြည်နယ် စာစစ်ဌာန သို့လည်းကောင်း သွားရောက်၍ စာမေးပွဲဖြေဆို နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သည့် အရည်အသွေးပြည့်ဝသော ပြန်တမ်းဝင်အဆင့် စတင်ခန့်အရာထမ်းရာထူးများကို စနစ်တကျရွေးချယ်ပေးလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘွဲ့ရပညာတတ်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ အရည်အချင်းကိုအခြေခံ၍ လူမှန်၊ နေရာမှန်ခန့်အပ်နိုင်ရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုကျင်းပသောရေးဖြေစာမေးပွဲသို့ နိုင်ငံတစ်ဝန်းမှလာရောက်ဖြေဆိုကြသူ စုစုပေါင်း ၂၁၀၆ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌ လည်းကောင်း စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများနှင့် တက္ကသိုလ်များ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အပါအဝင် မြို့နယ် ၃ မြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# JLPT စာမေးပွဲ ဖြေဆိုလိုသူများအတွက် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ Level အလိုက် လျှောက်လွှာလက်ခံမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၂၅ ခုနှစ် ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ (JLPT) ကို ဇူလိုင် ၆ ရက်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပသွားမည်ဖြစ်ပြီး တစ်ဦးချင်းအနေဖြင့် လျှောက်ထားဖြေဆိုမည့် စာမေးပွဲဖြေဆိုလိုသူများအတွက် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ Level အလိုက် လျှောက်လွှာလက်ခံသွားမည်ဖြစ်ကြောင်း JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းက အသိပေးထားသည်။

စာမေးပွဲကြေးနှင့် လျှောက်လွှာတင်ကြေးမှာ Level N1 မှ Level N3အထိ ကျပ် ၅၀၀၀၀၊ N4 နှင့် N5 Level အတွက် ကျပ် ၄၅၀၀၀ ဖြစ်သည်။လျှောက်လွှာလက်ခံကာလအနေဖြင့် Level N1 နှင့် Level N2 အတွက် ဖေဖော်ဝါရီ ၂၅ရက်မှ ၂၇ ရက်အထိလည်းကောင်း၊ Level N3 အတွက် မတ် ၃ ရက်မှ ၅ ရက်အထိလည်းကောင်း၊ Level N4 အတွက် မတ် ၅ရက်မှ ၇ ရက်အထိ၊ Level N5 အတွက် ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ ရက်အထိလည်းကောင်း လက်ခံသွားမည်ဖြစ်ပြီး လျှောက်လွှာလက်ခံမည့်အချိန် System သို့ တစ်ပြိုင်နက်တည်း ဝင်ရောက်ခြင်းအား ထိန်းချုပ်နိုင်ရန် လျှောက်လွှာလက်ခံမည့်အချိန်ကို ကြိုတင်အသိပေးမည်မဟုတ်ကြောင်း သိရသည်။

မိမိလျှောက်ထားသည့် Level စာဖြေဌာနအတိုင်းဖြေဆိုရမည်ဖြစ်ပြီး ပြောင်းလဲခြင်းကို ခွင့်မပြုကြောင်းနှင့် အဆိုပါ လျှောက်ထားမှုများအတွက် ငွေပြန်အမ်းခြင်းများ လုပ်ဆောင်ပေးမည် မဟုတ်ကြောင်းလည်း JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းက အသိပေးထားသည်။

**မေသက်**



ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး / ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ / ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်းလင်းခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်က ကယားပြည်နယ် တရားလွှတ်တော်၌ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးထွန်းထွန်းဦး ထပ်ဆင့်ရှင်းလင်းပြောကြားစဉ်။ ကိုဇင်(ပြန်/ဆက်)

# မြန်မာလက်ဝှေ့အဖွဲ့ ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂** – WBCနှင့်ဂျပန်နိုင်ငံဘောက်ဆင်ကော်မရှင်က ကျင်းပသည့် Benkei Boxing ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလက်ဝှေ့ကော်မရှင်မှအုပ်ချုပ်သူ ဦးဝဏ္ဏခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲတွင် အားကစားသမားအဖြစ် ၅၂ ကီလိုတန်းတွင် နော်ဖုန်း၊ ၅၃ ကီလိုတန်းတွင် စောလင်းအောင်နှင့် ၆၀ ကီလိုတန်းတွင် ဂင့်ရှန်းမွေ်တို့က ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး နည်းပြအဖြစ် ဦးရန်ဝင်းကြည်က ဆောင်ရွက်ကာ မြန်မာလက်ဝှေ့ကော်မရှင်မှ ဦးသန်းစိုးအောင်က အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် မြန်မာလက်ဝှေ့သမားများ ပြည်ပသို့ ပထမဆုံးသွားရောက်ထိုးသတ်သည့် ဆုကြေးစားပွဲဖြစ်ပြီး ခြောက်ချီယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ကာ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပမည်ကြောင်း သိရသည်။

**အာကာစိုး**

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၁၁ ဦးနှင့် ထိုင်းနိုင်ငံသားတစ်ဦး ထပ်မံလွှဲပြောင်းပေးအပ်



တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားများအနက် တစ်ဦးကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၁၁၁ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လည်းကောင်း၊ ထိုင်းနိုင်ငံသားတစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့လည်းကောင်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။



တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၁၁ ဦးနှင့် ထိုင်းနိုင်ငံသား တစ်ဦးတို့အား ထပ်မံလွှဲပြောင်းပေးအပ်စဉ်။




တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၁၁ ဦးနှင့် ထိုင်းနိုင်ငံသား တစ်ဦးတို့ကို ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

ယနေ့ ပြည်နှင်လွှဲပြောင်းပေးခဲ့သည့် ပြည်ပနိုင်ငံသားအများစုသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများတွင် ပါဝင်လုပ်ဆောင်ရန် စည်းရုံးစေခိုင်းခြင်း ခံခဲ့ကြရသူများ ဖြစ်ကြပြီး ၎င်းတို့၏ ဖွင့်ဟဝန်ခံချက်များအရ အားလုံးနီးပါးသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် တင်ကိုကိုနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် တင်ကိုကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် အမှတ်(၃) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယဌာနမှူးရဲမှူးကြီး Ploen Klinpayom နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gam–bling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ – တရုတ် – ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို ထပ်မံထိန်းသိမ်းထားစဉ်။



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးအား ထပ်မံထိန်းသိမ်းထားစဉ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၂၁၁၁ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၃၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၂၁၁၁ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယားနှင့် တရုတ် (တိုင်ပေ) တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# တာဝန်ကျမီးသတ်သမား ၁၀၀၀ ကို ခေါ်ယူရန်ပျက်ကွက်ခဲ့၍ လော့စ်အိန်ဂျလိစ် မီးသတ်အကြီးအကဲ ရာထူးမှဖယ်ရှားခံရ



**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၂**

လော့စ်အိန်ဂျလိစ်မြို့တော်ဝန် ကယ်ရန်ဘတ်စ်သည် ဇန်နဝါရီလအတွင်းက တောမီးလောင်မှုကို ကိုယ်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်၍ မြို့တော်၏ မီးသတ်အကြီးအကဲကို ရာထူးမှဖယ်ရှားခဲ့သည်။

လော့စ်အိန်ဂျလိစ် မီးသတ်ဌာန အကြီးအကဲ ခရစ်စတင်း ခရောလီကို ရာထူးမှဖယ်ရှားလိုက်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မြို့တော်ဝန်ကကြေညာခဲ့သည်။ ခရောလီသည် တောမီးလောင်မှု စတင်ဖြစ်ပွားသည့် နံနက်ခင်း၌ တာဝန်ကျ မီးသတ်သမား ၁၀၀၀ ကို ခေါ်ယူရန် ပျက်ကွက်ခဲ့ကြောင်း မြို့တော်ဝန်က ပြောသည်။

မီးလောင်ပြီးနောက် အခြေအနေနှင့်ပတ်သက်၍ မီးသတ်ကော်မရှင်ဌာနက တောင်းဆိုထားသည့် အစီရင်ခံစာကိုတင်ပြရန် ခရောလီက ငြင်းဆန်ခဲ့သည်ဟု မြို့တော်ဝန်က ပြောသည်။ ခရောလီက အင်တာဗျူးတစ်ခုတွင် ၎င်းတို့ဌာန၌ ဝန်ထမ်းအင်အားနှင့် ရန်ပုံငွေအင်အား နည်းပါးကြောင်း မြို့တော်ဝန်ကို သွယ်ဝိုက်၍ အပြစ်တင်ခဲ့သည်။

လော့စ်အိန်ဂျလိစ်မြို့ ဆင်ခြေဖုံးရပ်ကွက်တွင် ဇန်နဝါရီ ၇ရက်က တောမီးစတင်လောင်ခဲ့ရာ ၂၇ ဦး သေဆုံးခဲ့ပြီး စတုရန်းကီလိုမီတာ ၂၀၀ မီးလောင်ခဲ့ကာ အဆောက်အအုံပေါင်း ၁၈၀၀၀ ကျော် ပျက်စီးခဲ့ရသည်။

အင်န်အိတ်ချ်ကေ

# အီရတ်တပ်ဖွဲ့များက အီရတ်မြောက်ပိုင်းရှိ အိုင်အက်စ်နေရာ ၂၅ ခုကို ဖျက်ဆီး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၂**

အီရတ်တပ်မတော်သည် အီရတ်နိုင်ငံ မြောက်ပိုင်း တောင်တန်းဒေသ တစ်ခုရှိ အစ္စလာမ္မစ်စစ်သွေးကြွ(အိုင်အက်စ်)တို့အသုံး ပြုခဲ့သည့် နေရာ ၂၅ ခုကို ဖျက်ဆီးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ပြောကြားသည်။

**စစ်ဆင်ရေးပြုလုပ်**

အီရတ်နိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဝန်ဆောင်မှုမှ တပ်ဖွဲ့ဝင်များသည် နင်နီဗေး ၏ ပြည်နယ်မြို့တော် မိုဆူးလ်၏ အရှေ့တောင်ဘက် ၁၀၀ ကီလိုမီတာခန့်အကွာ မက်ခ်မောဒေသအတွင်း စစ်ဆင်ရေး ပြုလုပ်ခဲ့ရာ အိုင်အက်စ်တို့ ခိုအောင်းရာနေရာ ၁၈ ခုနှင့် ဥမင်လိုဏ်ခေါင်း ခုနစ်ခုကို ဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးမီဒီယာဆဲလ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အီရတ် တပ်ဖွဲ့ဝင်များက ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများ၊ ဒရုန်းနှစ်ခု၊ မော်တော်ဆိုင်ကယ် တစ်စီး၊ အခြား ထောက်ပံ့ပို့ဆောင်ရေးပစ္စည်းများနှင့် ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။

**ဆက်လက်ပြုလုပ်ခဲ့**

သေဆုံးသူရုပ်အလောင်းများနှင့် ပတ်သက်ပြီး အသေးစိတ် ဖော်ပြထားခြင်းမရှိချေ။ ၂၀၁၇ ခုနှစ်က အီရတ်သည် အိုင်အက်စ်ကို အနိုင်ရခဲ့သည်ဟု ကြေညာခဲ့သော်လည်း အိုင်အက်စ်အုပ်စုက လုံခြုံရေးတပ်ဖွဲ့များ၊ ကျေးလက်ဒေသရှိ အရပ်သားများ၊ ကန္တာရများနှင့် ဝေးလံခေါင်သီသော ဒေသများကို တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# ဇမ်ဘီယာသမ္မတက အကြီးတန်းအရာရှိ ခုနစ်ဦးကို ရာထူးမှ ထုတ်ပယ်

**လူဆာကာ ဖေဖော်ဝါရီ ၂၂**

ဇမ်ဘီယာသမ္မတ ဟက်ခ်ကိုင်ဒဲ ဟီချီလီမာသည် များပြားသောအစိုးရ ပြန်လည်ဖွဲ့စည်းရာတွင် ပြည်နယ်ဝန်ကြီး တစ်ဦးနှင့် အမြဲတမ်းအတွင်းဝန် ခြောက်ဦးကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သမ္မတရုံးက ထုတ်ပြန်ထားသည်။

သမ္မတ ဟီချီလီမာက ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုများအတွက် ကျေးဇူးတင်ကြောင်းနှင့် ရာထူးပြောင်းရွှေ့မှုများနှင့် ပတ်သက်ပြီး နောက်ထပ် အသေးစိတ်အချက်အလက်များကို ပြောကြားထားခြင်း မရှိကြောင်း သိရသည်။

သမ္မတက မူချင်ဂါပြည်နယ်၏ဝန်ကြီး ဟင်နရီ ဆီရာဇ်ဝဲနေရာကို နီယာဝါဆီမူတိုဝီဖြင့် အစားထိုးခန့်အပ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် သမ္မတက အစိုးရအဖွဲ့ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ အထူးတာဝန်များအတွက် အမြဲတမ်းအတွင်းဝန်အပြင် မူချင်ဂါ၊ လူဆာကာ၊ ကော့ပါးဘတ်လ်နှင့် လူပါလာပြည်နယ်တို့၏ အမြဲတမ်းအတွင်းဝန်များ ခန့်အပ်မှုကိုလည်း အဆုံးသတ်ခဲ့ကြောင်း သိရသည်။ ဆင်ဟွာ

# ဟားမားစ်အဖွဲ့က ကြက်ခြေနီထံ အစ္စရေးဓားစာခံ နှစ်ဦး လွှဲပြောင်းပေး

**ဂါဇာ ဖေဖော်ဝါရီ ၂၂**

ဟားမားစ်အဖွဲ့က ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့ရှိ နိုင်ငံတကာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) ထံ အစ္စရေးဓားစာခံ နှစ်ဦးကို ဖေဖော်ဝါရီ ၂၂ ရက်တွင် လွှဲပြောင်းပေးလိုက်ကြောင်း အစ္စရေးကာကွယ်ရေး တပ်မတော်က အတည်ပြုပြောသည်။

**လက်မှတ်ရေးထိုးခဲ့**

ဟားမားစ်အဖွဲ့က လွှတ်ပေးလိုက်သော ဓားစာခံ နှစ်ဦးမှာ အသက် ၃၈ နှစ်အရွယ် အဗရာ မန်ဂစ်တူနှင့် အသက် ၃၀ အရွယ် တဲလ်ရှိုးဟမ်တို့ဖြစ်သည်။ အိုင်စီအာရ်စီကိုယ်စားလှယ် တစ်ဦးက ဓားစာခံများလွှတ်မြောက်ကြောင်း အတည်ပြုသည့် စာရွက်စာတမ်းများတွင် လက်မှတ်ရေးထိုးခဲ့သည်။

**လွှတ်ပေးသွားမည်**

အခြားအစ္စရေး ဓားစာခံ လေးဦးကို ဂါဇာကမ်းမြောင် အလယ်ပိုင်းတွင် လွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ အစ္စရေးဘက်ကလည်း ဖေဖော်ဝါရီ ၂၂ ရက် နှောင်းပိုင်းတွင် ပါလက်စတိုင်းအကျဉ်းသား ၆၀၂ ဦးကို လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လွှတ်ပေးခြင်းမှာ အစ္စရေးနှင့် ဟားမားစ်တို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် ပထမအဆင့်အရ ဓားစာခံ-အကျဉ်းသားလဲလှယ်ရေးတစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။ သဘောတူညီချက် ပထမအဆင့်မှာ ဇန်နဝါရီ ၁၉ ရက်တွင် စတင်ခဲ့ပြီး လာမည့်သီတင်းပတ်တွင် အဆုံးသတ်တော့မည် ဖြစ်သည်။

ဆင်ဟွာ

# ကင်ညာနိုင်ငံ၌ ငါးရက်ကြာပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုလုပ်ငန်းစတင်

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၂**

ကင်ညာနိုင်ငံ၌ မြောက်ပိုင်းခရိုင် လေးခုရှိ အသက် ၁၁ နှစ်အောက်ကလေး ရှစ်သိန်းကျော်ကို ဦးတည်ထား၍ ငါးရက်ကြာပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းစတင်ခဲ့သည်ဟု သိရသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းစဉ်ကို ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနအတွင်းဝန် မာရီမူသိုနီ မူရီအူကီက ပြောသည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း အိမ်နီးချင်း အီသီယိုးပီးယားနိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားမှုတွေ့ရှိပြီးနောက် ယခုကာကွယ်ဆေးတိုက်ကျွေးသည့်လှုပ်ရှားမှု စတင်ခဲ့ခြင်းဖြစ်သည်။ အီသီယိုးပီးယားနှင့် အီရီထရီယားနိုင်ငံတို့မှ ပိုလီယိုကူးစက်မှုကို ဟန့်တားနိုင်ရေး ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ဆက်ပြောသည်။

ယခင်က ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးဖူးသည်ဖြစ်စေ ယခုအခါ၌ ကလေးများကို ကာကွယ်ဆေးနှစ်ကြိမ် တိုက်ကျွေးမည်ဖြစ်သည်။ ယခု တိုက်ကျွေးသည့် ပိုလီယိုကာကွယ်ဆေးများမှာ လုံခြုံစိတ်ချရပြီး အစွမ်းထက်မှုရှိကြောင်း ပြည်သူများထံ အသိပေးလိုသည်ဟု ၎င်းက ဆက်ပြောသည်။ ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခြင်းဖြင့် ကလေးများကို ဘေးဥပဒ်မရောက်စေဘဲ ရောဂါကာကွယ်ရာတွင် အစွမ်းထက်မှုရှိမည်ဟု ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

# အီရန်တပ်မတော်က တောင်ပိုင်းရေပိုင်နက်တွင် အကြီးစားစစ်ရေးလေ့ကျင့်မှုစတင်

**တီဟီရန် ဖေဖော်ဝါရီ ၂၂**

အီရန်တပ်မတော်သည် နိုင်ငံ၏ တောင်ဘက် ကမ်းရိုးတန်းနှင့် ရေပြင်တစ်လျှောက်တွင် အကြီးစား ပူးတွဲစစ်ရေး လေ့ကျင့်မှု၏ ပင်မအဆင့်ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်ခဲ့ကြောင်း ဖားစ်သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။

ဇိုလ်ဖာကာ ၁၄၀၃ ဟု အမည်ပေးထားသော အဆိုပါ စစ်ရေးလေ့ကျင့်မှုကို အီရန်နိုင်ငံ တောင်ပိုင်း မာ့ခရန်း ကမ်းရိုးတန်း၊ အိုမန်ပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာ မြောက်ပိုင်းတို့တွင် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဖားစ်သတင်း အေဂျင်စီ၏ ဖော်ပြချက်အရ အဆိုပါ ပူးတွဲစစ်ရေးလေ့မှုတွင် ခြေလျင်တပ်၊ သံချပ်ကာတပ်၊ စက်ယန္တရားတပ်၊ လေကြောင်းရန် ကာကွယ်ရေး တပ်နှင့် ရေတပ်တို့ ပါဝင်ကြောင်း သိရသည်။

စစ်ရေး လေ့ကျင့်မှုအတွင်း တပ်မတော်၏ လူငယ်မျိုးဆက်သစ်များက ယခင် အသုံးပြုခြင်း မရှိသေးသည့် နည်းဗျူဟာအသစ်များနှင့် တိုက်ခိုက်ရေးနည်းလမ်းများကို စမ်းသပ်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တိကျပြီး ထိရောက်သည့် လက်နက်များ၊ ခဲယမ်းများနှင့် ဒုံးကျည်များကိုလည်း စမ်းသပ်အသုံးပြု သွားမည်ဖြစ်ကြောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဆေယာရီက ပြောသည်။

ဆင်ဟွာ



# ဘားအံမြို့အား Green City, Clean City ဖြစ်စေရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၂၂**

ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့အား သန့်ရှင်းသာယာလှပရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြို့အင်္ဂါရပ်များနှင့်အညီ Green City, Clean City ဖြစ်စေရေးအတွက် အပတ်စဉ်စနေနေ့များတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ဘားအံမြို့အဝင် သံလွင်တံတားမှ ကမ်းနားလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဘားအံမြို့အဝင် သံလွင်တံတားချဉ်းကပ်လမ်းထိပ်မှ ကမ်းနားလမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၁၅၅ ဦးခန့် ပူးပေါင်း၍ ပလတ်စတစ်နှင့် စွန့်ပစ်အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ပင်ကြီးများ၏ အကိုင်းအခက်များကို ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းခြင်း၊ မီးသတ်ကားဖြင့် ရေဆေးကြောသန့်စင်ခြင်းများကို အမှိုက်သိမ်းယာဉ်များ၊ မြက်ဖြတ်စက်များစသည်ဖြင့် ယာဉ်ယန္တရားများအသုံးပြု၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဘားအံတက္ကသိုလ်၏ (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နံနက် ၉နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေး ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်လာသော ဘွဲ့ရမောင်မယ်များနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။



ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးနှင့် စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင် ပုဂ္ဂိုလ်များသည် ဘွဲ့အပ်နှင်းမည့် စင်မြင့်ထက်တွင် နေရာယူကြပြီး လိုအပ်သည့်ကတိခံဝန်ချက်များရယူကာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ်က မဟာဝိဇ္ဇာ၊ မဟာသိပ္ပံဘွဲ့ရရှိသူ ၂၅ ဦး၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) ၃၅ ဦး၊ ဝိဇ္ဇာဘွဲ့ ၁၉၃ ဦး၊ သိပ္ပံဘွဲ့ ၂၂၅ ဦး စုစုပေါင်း ၄၇၈ ဦးအား သက်ဆိုင်ရာဘွဲ့များ အပ်နှင်းပေးအပ်ကာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ်က အပ်နှင်းပြီးဖြစ်သော ဘွဲ့ရပုဂ္ဂိုလ်များစာရင်းကို လက်မှတ်ရေးထိုး၍ ဘွဲ့နှင်းသဘင်အခမ်းအနား ဆိုင်ရာမိန့်ခွန်းကို ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရပ်စောက်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရပ်စောက် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်ရှိ အင်းခေါင်းကန်ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



ထို့နောက် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဦးက အင်းခေါင်းကန်ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းရာပြည်နယ် ဝန်ကြီးချုပ်က မြို့သောက်သုံးရေကန်ဖြစ်သည့်အတွက် နုန်းများဆည်ယူမှုတွင် လုပ်ငန်းများကို ဦးစားပေးကဏ္ဍအလိုက် တင်ပြပေးရန် လိုအပ်ကြောင်း၊ ရေကန်တိုင်း ရေထွက်ရှိသည့်အတွက် ရေထွက်များကို ရေရရှိနိုင်ရန် ဆောင်ရွက်ပေးစေလိုကြောင်း၊ သောက်သုံးရေကန် ဖြစ်သည့်အတွက် ကော်မတီဖွဲ့စည်း ဆောင်ရွက်ပေးကြရန်၊ အင်းခေါင်းကန် ရေရှည်ထိန်းသိမ်းရန်အတွက် သစ်ပင်များ စိုက်ပျိုးပေးရန်နှင့် ရေကန်ပတ်ဝန်းကျင်တွင် အမှိုက်ပုံးများ ဆောင်ရွက်ထားရှိပေးရန် လိုအပ်ကြောင်းဖြည့်စွက်မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရပ်စောက်မြို့ ဟွေးကျေးရွာအုပ်စု ဥတ္တံတားရပ်ကွက်ရှိ ဧက ၁၀၀ သီးထပ်သီးနှံ ဆောင်းပဲပုပ်၊ ကြက်သွန်ဖြူ စိုက်ခင်းကို သွားရောက်၍ တောင်သူ ၁၆ ဦးမှ ပဲပုပ် ဧက ၈၀ မျိုးကွဲရေဆင်း ၁၅ နှင့် ကြက်သွန်ဖြူ ဧက ၂၀ မျိုးကွဲဒေသမျိုး (အာကာဖြူ) စိုက်ပျိုးထားရှိမှု တို့ကို ကြည့်ရှုပြီး တောင်သူများက စိုက်ခင်းအတွင်းရှိ ရေမြောင်းများကို ကွန်ကရစ်ချောင်းအဖြစ် ဆောင်ရွက်ပေးစေလိုကြောင်း၊ ကုန်ထုတ်လမ်းများကို ပြန်လည်မွမ်းမံပေးစေလိုကြောင်း တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တောင်သူများအား သီးထပ် စိုက်ပျိုးပေးကြရန်နှင့် စိုက်ပျိုးမည့်သီးနှံများကို ဦးစားပေးအလိုက် ဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။ အဆိုပါ ရပ်စောက်မြို့နယ်တွင် ဆောင်းပဲပုပ် ဧက ၂၀၀၀ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗထူး၊ ရပ်စောက်၊ တောင်ကုန်းများပေါ်တွင်လည်း သစ်ပင်များ စိုက်ပျိုးပေးရန်လိုအပ်ကြောင်း၊ ထပ်မံစိုက်ပျိုးမည့် စီမံကိန်းလျာထားချက်များ တင်ပြပေးရန်နှင့် သစ်တောရေးယာ သစ်တောကြိုးဝိုင်းတွင် ထပ်မံဖြည့်စွက်စိုက်ပျိုးပေးရန်၊ စံချိန်မီသည့် ပျိုးပင်များ စိုက်ပျိုးပေးရန် လိုအပ်ကြောင်း၊ ပျိုးပင်များရရှိမှုကိုလည်း တင်ပြပေးရန်နှင့် စည်းကမ်းမဲ့သစ်ပင်ခုတ်ခြင်း၊ မီးရှို့ခြင်းများ မပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စိုက်ပျိုးမည့်ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီး-ရပ်စောက်သွားလမ်း ရေပူကျေးရွာအနီးရှိ မိုးရာသီတွင် ရေကျော်မှုဖြစ်ပွားသည့်နေရာ၌ တံတားသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ အဆိုပါ လမ်းအား မိုးရာသီအမီ ကတ္တရာခင်းကျင်းသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# သဲကုန်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးမှု လက်တွေ့ပြသ



**သဲကုန်း ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၄) စက်မှုလယ်ယာစခန်းတို့ ပူးပေါင်း၍ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းကို ယမန်နေ့က သဲကုန်းမြို့နယ် နွယ်ကောက်ကျေးရွာ အုပ်စု တဲကြီးကုန်းကျေးရွာ ကွင်းအမှတ် (၉၁၃)ရှိ တောင်သူ ဦးဇော်လေး၏ လယ်မြေ ၂ဧကတွင် ရက် ၉၀ စပါးမျိုး စိုက်ပျိုးဆောင်ရွက်မှု ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းက လက်ဆွဲကောက်စိုက် စက်ဖြင့် စပါးစိုက်ပျိုးရာတွင် ကောက်စိုက်လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းပေးနိုင်ပြီး လုပ်အားခ သက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု နည်းပါးခြင်း၊ ပျိုးထောင်ရေးယာ အနည်းငယ်သာ လိုအပ်ခြင်း၊ လုပ်သားအင်အား နည်းပါးခြင်းနှင့် သက်သာစွာဖြင့် စိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပိုမိုတိုးတက်ပြီးစီးခြင်း၊ ပင်ပွားနှုန်းကောင်းမွန်ပြီး စပါးအထွက်နှုန်းကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ဆွေးနွေးပြောကြားပြီး နွေစပါးစိုက်ပျိုးဆောင်ရွက်မှု လက်တွေ့ပြသနေမှုကို ကြည့်ရှုသည်။

သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်း၊ မျိုးသန့်တိုးပွားစေရန်နှင့် တစ်ဧက အထွက်နှုန်းတိုးပွားစေရန် ရည်ရွယ်၍ ယခုနှစ်တွင် နွေစပါး ၁၇၅၄၂ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၅ ရက်အထိ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်ရှစ်မြို့နယ်တွင် စတုတ္ထအကြိမ်မြောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၅ ရက်အထိ အခမဲ့ဆေးထိုးနှံခြင်းအား နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ လာရောက်ထိုးနှံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | မြို့နယ် | ဖုန်းနံပါတ် |
|---|---|---|
| ၁။ | ဒက္ခိဏသီရိ | ၀၉-၅၃၀၁၁၀၇ |
| ၂။ | ဇမ္ဗူသီရိ | ၀၉-၄၀၁၆၃၅၈၉၃ |
| ၃။ | ပျဉ်းမနား | ၀၉-၂၅၀၁၂၆၁၃၆ |
| ၄။ | ပုဗ္ဗသီရိ | ၀၉-၇၈၀၁၅၃၃၆၁ |
| ၅။ | ဇေယျာသီရိ | ၀၉-၂၅၀၁၀၃၉၉၁ |
| ၆။ | တပ်ကုန်း | ၀၉-၇၉၇၉၄၅၇၁၂ |
| ၇။ | ဥတ္တရသီရိ | ၀၉-၉၆၆၅၀၉၁၆၀ |
| ၈။ | လယ်ဝေး | ၀၉-၉၇၆၆၀၄၄၂၂ |

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပေါင်မြို့နယ် မုတ္တမ၊ ကျွဲခြံကျေးရွာအုပ်စုအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုအားပေး

**ပေါင် ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၀ ရက်က တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေးအတွက် ပေါင်မြို့နယ် မုတ္တမ၊ ကျွဲခြံကျေးရွာ၊ ဦးကျင်အောင်၏ ဥစား၊ အသားစားကြက်မွေးမြူရေးခြံနှင့် ဝက်မွေးမြူရေးခြံများ စံပြပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်မြို့နယ် မုတ္တမ၊ ကျွဲခြံကျေးရွာအုပ်စုတွင် အသားစားကြက် နှစ်ရက်သား၊ ၁၁ ရက်သားနှင့်၊ အသားစားကြက်ကြီး စုစုပေါင်း အကောင်ရေ ၃၈၅၀၀ အား အောင်မြင်စွာ မွေးမြူဆောင်ရွက်ထားရှိမှု အခြေအနေများလည်းကောင်း၊ ဥစားကြက်မ အကောင်ရေ ၁၄၂၀၀ တို့အား အောင်မြင်စွာ မွေးမြူထားရှိမှုကို လည်းကောင်း ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စံပြပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းတွင် အသားတိုးဝက် အကောင်ရေ ၃၀၀ အောင်မြင်စွာ မွေးမြူထားရှိမှု အခြေအနေများနှင့် ငါးမွေးမြူရေး အခြေအနေများကို ကြည့်ရှုအားပေးပြီး စားရေရိက္ခာ ဖူလုံပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်များအတိုင်း မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖြစ်သဘောမျိုး မွေးမြူခြင်းမဟုတ်ဘဲ အမှန်တကယ် မွေးမြူဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားခဲ့ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မွန်ပြည်နယ်အတွင်း မြို့နယ်များအလိုက် စားရေရိက္ခာဖူလုံမှုရှိစေရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မွေးမြူရေးကဏ္ဍအနေဖြင့် ငါးမွေးမြူရေး၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ အပြင် ကြက်ဆင်၊ ဘဲငန်း၊ မန်ဒါလီ အကောင်ရေ ၂၈၁၅၀၄၉ ကောင်တို့ကိုလည်း သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကများက မွေးမြူထားလျက်ရှိကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်ရှိ ကျေးရွာ နှစ်ရွာ၌ ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ရမည်းသင်း ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဇီးဖြူကုန်းကျေးရွာနှင့် ဆည်ကြီးကျေးရွာတို့တွင် ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၁ ရက်က ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ ရမည်းသင်း ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဇီးဖြူကုန်းကျေးရွာ နှင့် ဆည်ကြီးကျေးရွာတို့တွင် စိုက်ပျိုးရေးလုပ်ငန်းများ ကုန်ကျစရိတ်သက်သာစွာဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အနက်ပေ ၆၀၀ ရှိ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ 3HP Submersible pump၊ ၅၉၀ KW ဆိုလာတပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဇီးဖြူကုန်းကျေးရွာနှင့် ဆည်ကြီးကျေးရွာတို့၌ စက်ရေတွင်းတူးဖော်ခြင်း၊ ဆိုလာရေတင်စနစ်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၄၆၆ သန်းဖြင့် ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ ဖေဖော်ဝါရီပထမပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။

**မောင်ခိုင်**

## ဆီထွက်သီးနှံ ရေဆင်းစပ်မျိုး(၁) ဆောင်းနေကြာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုစစ်ဆေး



**မြစ်သား ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွှေကုန်းကျေးရွာရှိ ရွှေကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း အသင်းသားတောင်သူ ဦးလှထွန်း ကွင်းအမှတ် (၄၉၇) က၊ ဦးပိုင်အမှတ် (၁၂/၁၀၁) ရှိ စိုက်ဧက ၃ ဧကတွင် ရေဆင်းစပ်မျိုး(၁) ဆောင်းနေကြာသီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ဖေဖော်ဝါရီ ၁၉ ရက်က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစိုက်ခင်းကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများနှင့် ဒေသခံအသင်းသားတောင်သူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ဓနုဖြူမြို့နယ်၌ လေပြင်းဘေး ကြိုတင်ပြင်ဆင်နိုင်ရေး အိမ်ဆောက်ပစ္စည်းများ ပေးအပ်

**ဓနုဖြူ ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လေပြင်းဘေး ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် အိမ်ဆောက်ပစ္စည်းများပေးအပ်ပွဲကို ယမန်နေ့က နန်းတော်ကုန်းကျေးရွာအုပ်စု လက်ပံချောင်းကျေးရွာနှင့် သပြုကျေးရွာတို့၌ ပြုလုပ်သည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် တာဝန်ရှိသူများက လေပြင်းဘေး ကြိုတင်ပြင်ဆင်နိုင်ရေး အိုးအိမ်များပြင်ဆင်မွမ်းမံနိုင်ရန်အတွက် ထရံ၊ ဓနိများကို ပေးအပ်ခဲ့သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်က ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာ ပြည်သူများအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ပြည်သူ ၇၂ ဦးအား ထောက်ပံ့ငွေများ ပေးအပ်သည်။

**ဝေယံ(ပြန်/ဆက်)**



## နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား စားအုန်းဆီများ ရောင်းချပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ခရိုင် မြန်မာ့စီးပွားရေးဘဏ် (သန်လျင်)ဘဏ်ခွဲတွင် နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား)များအား ဖေဖော်ဝါရီ ၂၁ ရက်က အဆိုပါ ခရိုင်မြန်မာ့စီးပွားရေးဘဏ်ခွဲ (သန်လျင်)၌ စားအုန်းဆီများ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်)ရှိနိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား တစ်ဦးလျှင်စားအုန်းဆီ နှစ်ပိဿာ ရောင်းချပေးခဲ့ကြောင်းနှင့် ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်း ရောင်းချပေးမည်ဖြစ်သည်။ **သက်ခိုင် (သန်လျင်)**



# မော်လမြိုင်မြို့နယ်ရှိ သွင်းအားစုအရောင်းဆိုင်များနှင့် တန် ၉၀ ကျ ဆန်စက်ရုံ စစ်ဆေး



**မော်လမြိုင် ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၉ ရက်က မော်လမြိုင်မြို့နယ်ရှိ မွန်ရာဇာ၊ သင်္ဂဟ၊ စံတော်ဦး မြေဩဇာ အရောင်းဆိုင်များသို့ သွားရောက်၍ မြေဩဇာ ရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အရောင်းဆိုင်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ကော်မတီက သတ်မှတ် ရည်ညွှန်းဈေးနှုန်းများအတိုင်း သွင်းအားစုများ ရောင်းချသည့် ဒေသအလိုက် လက်ကားဒိုင်များနှင့် အရောင်းဆိုင်များကို သက်ဆိုင်ရာဒေသအလိုက် သယ်ယူစရိတ်နှင့် အမြတ်ရာခိုင်နှုန်းကို ထည့်ပေါင်းပြီး ရောင်းချနိုင်ရေး၊ အရည်အသွေးမှန်ကန်မှုရှိပြီး ဈေးနှုန်းကစားခြင်း မရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့နယ် ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ တန် ၉၀ ကျ ဆန်ဖြူစက်နှင့် တန် ၁၂၀ ကျ အခြောက်ခံစက်သို့ သွားရောက်ကြည့်ရှုပြီး စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းသည်။

ယင်းနောက် ရွှေမြိုင်ဆန်စက်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်လည်ပတ်ခဲ့ပြီး ဒေသတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လမ်းမတော်မြို့နယ်၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် လမ်းမတော်မြို့နယ်အတွင်း ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က လမ်းမတော်မြို့နယ် အလက(၁) မြမာလာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာက နေရပ်စွန့်ခွာပြည်သူများအား အမှာစကားပြောကြားပြီး လမ်းမတော်မြို့နယ်သို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူ ၁၁၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၂၃ သိန်း လေးသောင်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**



# ကော့မှူးမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်



**ကော့မှူး ဖေဖော်ဝါရီ ၂၂**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာသူ တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ၅၄ ဦးအား တစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# ဗဟန်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝေက နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများအား တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် တစ်ဦးချင်း လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)





ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၁ ရက်က မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် အခြေခံပညာကျောင်းများ မီးဘေးလုံခြုံမှုရှိစေရေး စစ်ဆေးခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။

ဟိန်းထက်လင်း(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနကိုးခု၌ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို ဖေဖော်ဝါရီ ၂၀ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။

ချမ်းသာ(မိတ္ထီလာ)



အလုံမြို့နယ် စောရန်ပိုင်ရှေ့ရပ်ကွက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်စုံနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲကိုကို၊ မြို့မရဲစခန်းမှ ရဲမှူးဦးအောင်ကျော်ကျော်နှင့် အဖွဲ့များ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်စဉ်။ ယောရော(ပြန်/ဆက်)



နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အထက (ကျည်တောင်ကန်)၌ ဖေဖော်ဝါရီ ၁၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။

သီဟစည်သူ

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# တရားမဝင် သစ်မျိုးစုံ၊ ခဲသတ္တုများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ အမှတ် (၁၅) ရပ်ကွက်၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Fuso Canter တစ်စီးနှင့် Nissan X-Trail တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် မာရမ်းဒေသ၌ တရားမဝင် ခဲသတ္တုကြမ်း ၅ ဒသမ ၆ ကီလိုဂရမ်နှင့် ဆက်စပ်ပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၂၉၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၀၂၉၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဘုရားကြီးမြို့ အမှတ်(၃) ရပ်ကွက် ကန်သာယာပန်းခြံအနီး၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၄၀၄ တန်၊ သစ်မာ ၀ ဒသမ ၂၇၂ တန်၊ အခြားသစ် ၁ ဒသမ ၁၆၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၁၅၃၂)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၄၁၅၃၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၇၄၀၄၈၂)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဒလမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ဒလ ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ထောက်ပံ့ရေးအဖွဲ့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ယနေ့တွင် အိမ်ထောင် စု ၃၉ စု လူဦးရေ ၉၀ အတွက် စုစုပေါင်းငွေကျပ် သိန်း ၁၈၀၀၀၀၀ ကို အဖွဲ့လေးဖွဲ့ဖြင့် ပြည်သူများလက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ကျန်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူ ၈၉ ဦးအတွက် ဆက်လက်ထောက်ပံ့ပေးအပ်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြမိုး(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေ ပေးအပ်

**လှည်းကူး ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ရောက်ရှိလာသူ ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက ယာယီနေရပ်စွန့်ခွာပြည်သူများအား ငွေကျပ် ၂၀၀၀၀ နှုန်းစီ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာလာသူ ပြည်သူ ၇၅၀ အား တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်သူများ လက်ဝယ်အရောက် ပေးအပ်သည်။ လှည်းကူးမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်အထိ နေရပ်စွန့်ခွာပြည်သူ ၂၀၇၆ ဦးရှိရာ ကျန်ရှိနေသူပြည်သူများကိုလည်း လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ပြည်ခရိုင်အတွင်း မြို့နယ်များ၌ မီးခိုးမြူငွေ့လျှော့ချနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့၌ Fire hotspot မီးခိုးမြူငွေ့လျှော့ချနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင်များက ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် အဆိုပါခရိုင်တွင်း မြို့နယ်များ၌ Fire hotspot တွေ့ရှိရသည့်နေရာများအရောက် ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး မြို့နယ်အလိုက် ဒေသခံပြည်သူများအားတွေ့ဆုံ၍ တောင်ယာခုတ်ထွင်မီးရှို့ခြင်းနှင့် ရိုးပြတ်များမီးရှို့ခြင်းတို့ကိုမပြုလုပ်ရန် အသိပညာပေးဆွေးနွေးခဲ့ကြပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။

**ကိုဆက်(ပြန်/ဆက်)**



# မီးဘေးကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်းသရုပ်ပြဆောင်ရွက်



**အိမ်မဲ ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု အိမ်မဲ-ကျောင်းကုန်းကားလမ်းဘေးရှိ ဝိုင်းဝိုင်းစက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးဝေယံစိုးက မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြု၍ ဆီမီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့သည်။

**ချစ်သက်လယ်(အိမ်မဲ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၉၇၃၁, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းထွေး ၉/မရမ(နိုင်) ၀၀၀၈၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/86504, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 55W/85600, Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေလွင် ၁၄/ဟသတ (နိုင်) ၂၂၂၁၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟသ်ာတ)

# မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁) ရှိ Unilever EAC Myanmar Co.,Ltd. ၏ ဆပ်ပြာစက်ရုံတွင် ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ ပြည်ကြီးတံခွန်မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် စက်ရုံမှ ဝန်ထမ်း ၅၀၊ မီးငြိမ်းသတ်ယာဉ် လေးစီး၊ မီးသတ်အထောက်ကူပြုယာဉ် သုံးစီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ LUF 60 ယာဉ် တစ်စီး၊ ရှာဖွေ ကယ်ဆယ်ရေးယာဉ် တစ်စီး၊ လူနာတင်ယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်း၊ မီးလောင်မှုတွင် ပိတ်မိနေသောလူနာများအား ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်ကယ်ဆယ်မှု သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂၂



# ကလေးနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကလေးမြို့ စမ်းမြို့(ကွက်သစ်)ရပ်ကွက် D-3 လမ်းတွင် ခန့်ဇဆွန့် မောင်းနှင်လာသည့် LAND CRUISER PRADO အမျိုးအစား မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ပလတ်စတစ်ဆပ်ပြာခွက် ၂၂၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီတွင် ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာအုပ်စု အိပ်စွပ်ကျေးရွာရှိ မလားလ်နိပ်မော၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပလတ်စတစ်ဆပ်ပြာခွက် ၄၄၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၄ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဘိန်းဖြူ ၆ ဒသမ ၆ ကီလို (တစ်ကီလိုလျှင် သိန်း ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ သိန်း ၃၃၀၀) ကိုလည်းကောင်း၊

ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၁ နာရီတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်းတွင် စိုင်းကျော်(ခ)အိုက်စိုင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၃၅ ကီလို(တစ်ကီလိုလျှင် သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၅၂ ဒသမ ၅ သိန်း) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ စိုင်းမောင်ဆိုင်း ငှားရမ်းနေထိုင်သည့် နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၃ ကီလို(တစ်ကီလိုလျှင် သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ သိန်း ၃၀၀)နှင့် ဆိုင်ကယ်တစ်စီးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မလားလ်နိပ်မောနှင့် ခန့်ဇဆွန့်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့် အတူတွေ့ရစဉ်။



## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၉၀)၊ မြေကွက်အမှတ် (၂-က+၂-ခ) ဧရိယာ (၅.၅၃၃)ဧက အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၆)(၂လွှာ)၊ အခန်းအမှတ် (2) နှင့်ယင်းတိုက်ခန်းပေါ်ရှိ ရေ+မီးအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးအုန်းမောင်(ဘ)ဦးစိန်အောင် (၉/မရမ(နိုင်)၀၇၉၇၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ငွေးဆုလှိုင်က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်၍ ဝယ်ယူသူ၏ အမည်ပြောင်းမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-
ဒေါ်စန်းယုခိုင်(စဉ်-၇၂၈၆) ဒေါ်အေးအေးခိုင်(စဉ်-၁၀၆၉၉)
ဒေါ်နန်းဆမ်ကြည်(စဉ်-၁၉၄၁၄)
(တရားလွှတ်တော်ရှေ့နေများ)
လမ်း-၉၀၊ ၃၅(B)လမ်း၊ စိန်ပန်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း- ၀၉-၂၀၀၄၅၃၆၊ ၀၉-၇၈၂၀၁၄၅၃၆၊ ၀၉-၇၈၀၁၅၄၅၅၂

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ဘဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၉)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ ၀ ဒသမ ၀၉၃၆ ဧက အကျယ်အဝန်းရှိ ဒေါ်မိမိခိုင် အမည်ပေါက် ဘိုးဘပိုင် မြေကွက်အတွင်းမှ မျက်နှာပွင့် (၅)ပေ၊ ရှေ့နောက် (၇၄)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့် အတူနေထိုင်ပိုင် ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့် ရှိသူဟုအဆိုပြုသူ ဒေါ်ညိုညိုခင်(ဘ) ဦးဘအုန်း ၁/မကတ (နိုင်)၀၃၄၃၉၁)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းနိုင်ဦး ( LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၅၄)
၆၈-လမ်း၊ ၃၄x၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၄၅၉၀၆၄၇၉၈ ၊ ၀၉-၇၈၉၆၃၂၆၂၈

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ခရမ်းစုလမ်း၊ တိုက်အမှတ်(၉၄၆)၄-လွှာ၊ စတုတ္ထထပ်ရှိ တိုက်ခန်းအကျယ်အဝန်း (အလျား၂၀ x အနံ၄၅)ပေရှိ တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဦးမန်းပဲန်း(၄/ဟခန(နိုင်)၀၂၀၄၁၉)မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးကီယိုလိန်း (၁၂/ရကန(နိုင်)၀၁၁၆၄၇)မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစိတ်တဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သင်းသင်းဝါ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၄၈၂၄)
အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန့်/နောက်ရပ်ကွက်၊ ၈၉လမ်း၊ အမှတ်(၂၁)၊ ပထမထပ်၊ တိုက်ရှေ့မှမျက်နှာမူလျှင် (ယာ)ဘက်အခန်းကို ဒေါ်ခင်စန်းငွေး(၁၂/မဂတ(နိုင်)၀၁၂၂၃၆)မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မြင့်(၁၂/ပဘတ(နိုင်)၀၁၁၂၃၃)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းနန္ဒာသိန်း (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၇၄၁)
အမှတ်(၉၇)၊ (၃+၄)လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

သင့်ကြောင့် မီးမလောင်ပါစေနှင့်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃

ဦးမြင့်ရွှေ နှင့် ၁။ ဒေါ်အေးအေးခိုင်
၂။ ဦးခင်မောင်သန်း
တရားလို တရားပြိုင်များ

အကွက်(၆၇၇)၊ စကြာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နေ ၁။ဒေါ်အေးအေးခိုင်၊ (၆၄) လမ်း၊ ခိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြား၊ မြို့သစ်(၃) ရပ်ကွက် ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေ ၂။ ဦးခင် မောင်သန်း (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားလိုပိုင်ဆိုင်သည့် မြေကွက်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများကို တရားလိုသို့ ပြန်လည်လက်ရောက်ပေးအပ်စေလိုပြီး တရားလို၏အထူးကိုယ်စားလှယ်လွှဲစာကိုအသုံးပြု၍ တရားလို၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် အသုံးပြုခြင်းနှင့် တရားလို၏ အမည်ကို အသုံးပြု၍ တရားလို၏အကျိုးစီးပွားကို ထိပါးနှောင့်ယှက်ခြင်းတို့မှ ကာကွယ်သည့် ထာဝရတားဝရမ်း ထုတ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ တန်ပေါင်းလဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်း ရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရတနာဖြိုးဝေ)
ဒုတိယခရိုင်တရားသူကြီး (၃)
မဟာအောင်မြေခရိုင်တရားရုံး

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်နေ ဦးမင်းနိုင်၊ ၁၂/လကန(နိုင်) ၀၂၉၇၈၇နှင့် ဒေါ်ကေသွယ်၊ ၁၂/လကန(နိုင်) ၀၂၉၇၇၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ မောင်ဝေဖြိုးအောင် ၁၂/မရက(နိုင်) ၁၅၁၃၅၃သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမင်းနိုင်၊ ၁၂/လကန(နိုင်)၀၂၉၇၈၇
ဒေါ်ကေသွယ်
၁၂/လကန(နိုင်)၀၂၉၇၇၇
နေပြည်တော်

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းဝေဟန်(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၁၈၁၃)
အခန်း(၃၀၉)၊ တိုက်(၃)၊
ရန်ကုန်ဟိုတယ်ဝန်း၊(၈)မိုင်လမ်းဆုံ၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၄၅၁၆၈၉၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ် (၃၂၊ကချင်စုတောင်)၊ ဦးပိုင်အမှတ်(၁၆၂/က)၊ မြေဧရိယာ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်အား မူလက ဒေါ်ဟောနော(ခ)ယောနောအမည်ဖြင့်၁၆-၇-၂၀၂၂ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး မူလဂရန် အမည်ပေါက်သူ ဒေါ်ဟောနော(ခ)ယောနောမှ သမီးဖြစ်သူ ဒေါ်ဆန်းယန်းအမည်အား ဖြည့်စွက်၍ ယခုအခါ ဒေါ်ဟောနော(ခ)ယောနော၁/မကန(နိုင်)၀၂၅၄၄၄၊ ဒေါ်ဆန်းယန်း ၁/မကန(နိုင်) ၁၂၈၆၇၃တို့အမည်ဖြင့် အမည်ဖြည့်စွက် မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း နှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာ အပ်ပါ သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/36727,Haojue-HJ-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်နှင်းဖြူ ၁၂/သလန(နိုင်)၁၄၇၁၂၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/56924, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေလွင် ၁၄/ဟသတ(နိုင်) ၂၂၂၁၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟသ်ာတ)

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ခု ဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်းကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈

## ဆက်သွယ်အကြောင်းကြားပေးပါ

Zumi Myanmar Company Limited (CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း)သည် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ထုတ်ပေးထားသည့် အတည်ပြုမိန့်၊ ဆုံးဖြတ်ချက်မူရင်းစာရွက်စာတမ်းများသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Zumi Myanmar Company Limited (CMP)**
**ဦးပိုင်အမှတ်(၉၀/ခ)၊ မြေကွက်အမှတ် (၁၁၇)၊ တောင်ရင်းကျေးရွာအုပ်စု၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/1292၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ကန်သာကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့်အမည်(၂၂-ခ/စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၅၀)၊ မြေကွက်အမှတ်(အေ-၄/၃)၊ မြေဧရိယာ(၀.၂၂၉)ဧကရှိ မြေကွက်သည် ဒေါ်အမာစိန် အမည်ဖြင့် (၉-၆-၂၀၂၉)ရက်အထိ (၃၀) နှစ်ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အအုံအား ဒေါ်အမာစိန်ထံမှ ဦးအာကာ ၉/ဝတန(နိုင်)၁၄၆၆၉၅က တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး စက်မှု/စီးပွားမြေငှားဂရန် အမည်ပြောင်းလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၉-က/မူလပြည်သာယာ)၊ ဦးပိုင်အမှတ်(၁၄၈)၊ မြေကွက်အမှတ်(၁၅၁)၊ မြေဧရိယာ(၀.၀၈၀)ဧကရှိ မြေကွက်သည် ဦးအောင်နိုင်အမည်ဖြင့် (၉-၁-၂၀၂၁) ရက်အထိ (၃၀)နှစ်ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန် အမည်ပေါက်ဖြစ်သူ ဖခင် ဦးအောင်နိုင်မှာ ကွယ်လွန်သွားသဖြင့် သားဖြစ်သူ ဦးနေမျိုးအောင် ၉/မထလ(နိုင်)၀၆၈၁၀၀မိတ္ထီလာမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၀၁၀/၂၀၂၄)ဖြင့် မှတ်ပုံတင်ထားရှိပြီး မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မိတ္ထီလာခရိုင်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ အသယက(၂၁)လမ်း၊ အမှတ် (၆၃၃/က) နေ ဦးဇော်ဝင်း ၁၂/ဥကတ(နိုင်)၀၈၂၄၀၉နှင့် ဒေါ်ထူးထူးဖော ၁၄/မအပ(နိုင်)၀၈၉၅၁၄ (ကွယ်လွန်)တို့၏ သားကြီးဖြစ်သူ ဦးရဲဇော်ထူး ၁၂/ဥကတ (နိုင်) ၁၇၉၉၅၂သည် မိဘများ၏ သွန်သင်ဆုံးမမှုများကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အပြင် မိဘ၊ ညီအစ်ကို၊မောင်နှမ၊ ဆွေမျိုးများ၏ ဂုဏ်သရေ ညှိုးနွမ်းအောင်သော်လည်းကောင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်သော်လည်းကောင်း၊ ခွင့်မလွှတ်နိုင်သော အပြုအမူများကို အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်တွင် မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးများက ၎င်း၏ ငွေရေးကြေးရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အထွေထွေပြဿနာအရှုပ်အရှင်းကိစ္စအဝဝတို့ကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဦးရဲဇော်ထူးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ရဲကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၁၂)**
**တိုက်အမှတ်(၄၀)၊ အခန်း(၃၁)၊ရွှေအုန်းပင်အိမ်ရာ(၂)၊**
**ရန်ရှင်းလမ်းမကြီး၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၃၂၀၄၇၄၄**

## သင်္ကြန် (၁၀)ရက် အဟူးတရားခခန်းပွဲ

သာကေတမြို့ အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ သင်္ကြန်စခန်းပွဲကြီးကို ၂၀၂၅ ခုနှစ် ဧပြီ (၁၂)ရက်မှ ဧပြီ (၂၁) ရက်အထိ ကျင်းပ သွားမည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သီလရှင် ဝတ်လိုသော ပုဂ္ဂိုလ်များနှင့် ယောဂီများ ကြိုတင်စာရင်းပေး သွင်းရ ပါမည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းလိုသော အလှူရှင်များသည် ဖော်ပြပါ ဖုန်း နံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ၀၉-၅၁၄၇၃၈၂
၀၉-၄၂၀၄၅၃၅၃၄၊ ၀၉-၇၇၂၀၁၅၃၈၃

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်း-၂၀)
## မုံရွာမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ - ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂

မဝင်းနွယ်ထွန်း **နှင့်** ကိုမြတ်မင်းဗို
**တရားလို** **တရားပြိုင်**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မြေနီကုန်းရပ်ကွက်၊ မြတ်ရတနာစံ(၃) လမ်းနေ ကိုမြတ်မင်းဗို (ယခုနေရပ်လိပ် စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို မဝင်းနွယ်ထွန်းက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက် (၁၃၈၆ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူက တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်အမည်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို အသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(စိုးနိုင်ကျော်)**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မုံရွာမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် အရှေ့စောင်းတန်း(ဟောင်း) ဆိုင်ခန်းအမှတ်(၈)သည် ဒေါ်နေနွယ်လင်း အမည်ပေါက်ဆိုင်ခန်းဖြစ်ပြီး အဆိုပါဆိုင်ခန်းအား ဒေါ်ဇင်မာဦးအမည်သို့ ဆိုင်ခန်းမှတ်ပုံတင် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၁၄)ရက်အတွင်း မဟာမုနိဂေါပကအဖွဲ့ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **မဟာမုနိဂေါပကအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် (၆/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၄၇)၊ မြေဧရိယာ (၀.၀၅၅)ဧက ရှိမြေကွက်အား မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဦးစိုင်းရန်အောင်ဖြိုး ပါ(၂) မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်၊ ရုံးပေါင်းစုံလမ်း၊ မြေကွက်အမှတ်(၁၂) အကျယ်အဝန်း(အလျား၅၀ပေxအနံ၈၀ပေ)နှင့် မြေကွက်အမှတ်(၁၃)၊ အကျယ်အဝန်း (အလျား၅၀ပေxအနံ၈၀ပေ)ရှိ ဒေါ်မိုးသိင်္ဂီအောင်အမည်ပေါက် (ကိုယ်ထူကိုယ်ထအိမ်ရာချထားရေးကော်မတီ၏ငွေရပြေစာ) မြေကွက်(၂) ကွက် (ခေါ်) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၈၂/က)၊ ကွင်း အမည်(ကျောက်ပုန်းမြောက်ကွင်း)၊ မြေကွက်အမှတ်(၁၂)၊ အကျယ်အဝန်း (အလျား၅၀ပေxအနံ၈၀ပေ)နှင့်မြေကွက်အမှတ်(၁၃)၊ အကျယ်အဝန်း (အလျား၅၀ပေxအနံ၈၀ပေ)ရှိ ဒေါ်မိုးသိင်္ဂီအောင်အမည်ပေါက် မြေကွက်(၂) ကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးသိင်္ဂီအောင်(ဘ)ဦးချစ်ဝင်း၏သမီး (၇/ပခန(နိုင်)၁၅၇၈၉၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးကျော်က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါခြံမြေကွက်နှင့်ပတ်သက်ပြီးကန့်ကွက်ရန်ရှိပါကပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ(၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်ရက်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ဤခြံမြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးကျော်(၁၂/မဘန(နိုင်)၀၀၀၈၁၀)၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှသီတာစန်း (LL.B) တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၀၃၀၅/၂၀၁၅)**
**အမှတ်(၁၅၉)၊ ဘီ(၃)လမ်း၊မြိုင်သာယာစံပြရပ်ကွက်၊ မှော်ဘီမြို့၊**
**ဖုန်း-၀၉ -၅၄၁၄၂၅၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၇

ဒေါ်စောမာဝင်း **နှင့်** တသ မြသောင်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အကွက်(၈၉-၂၅)၊ ထွန်းတုံးရပ်ကွက်၊ ၅၃x၅၄လမ်းကြား၊ ၁၀၈x၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်နေ တသ မြသောင်း (ဘ)ဦးဖိုးရီ သိစေရမည်၊

သင့်အပေါ်၌ တရားလို ဒေါ်စောမာဝင်းက" မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ မြေကွက်အမှတ်(၈၉-၁၂)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ(၀.၀၅၅၁) အကျယ်အဝန်းရှိ မြေကွက်အား ကတိပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလို့ကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ရက်(၁၃၈၆ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်နေခြည်ထူး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၅၈)၊ ဦးပိုင်အမှတ် (၆၆)၊ ဧရိယာ(၀.၀၅၃၂)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ (၀.၀၅၃၂)ဧကအတွင်းမှ မြောက်ဘက်ခြမ်းခဲစင်းပြ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ဦးစိုးနိုင်ဟိန်း(ဘ)ဦးစိုးနိုင် (၉/ခအဇ(နိုင်)၀၂၄၇၄၂) နှင့် ဦးရန်နိုင်ဟိန်း (ဘ) ဦးစိုးနိုင်(၉/ခအဇ(နိုင်)၀၂၅၉၉၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ အချို့ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဘုန်း (LL.B) စဉ်-၁၀၃၈၈ တရားလွှတ်တော်ရှေ့နေ**
**ဦးရဲဝင်း (LL.B)** **ဦးပြည့်ကိုကို(LL.B)**
**စဉ်-၄၈၉၇၈၊ အထက်တန်းရှေ့နေ စဉ်-၁၄၀၁၂၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ် (အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေ x ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၃၇၈၆၇ ၊ ၀၉-၇၆၂၀၃၇၈၆၇ ၊ ၀၉-၇၉၂၀၃၇၈၆၇ ၊**
**၀၉-၄၀၂၀၃၇၈၆၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/9385 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထားထားမြင့် ၉/မခန(နိုင်)၀၄၈၂၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၃၁၅၅၅, Jialing-90,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုလွင် ၅/ကနန(နိုင်) ၀၃၅၁၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၁၂၃၂၉, Kenbo -100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း (၈/မကန(နိုင်)၀၀၀၉၉၀) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 68W/87757, Dayang -125 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လေတပ်စခန်းဌာနချုပ်နေ မမေဘုန်းပြည့်စုံ၏မိခင် ဒေါ်ခင်ဖုန်းမြင့်(ခ)ဒေါ်ခင်ဘုန်းမြင့် ၁/မကန(နိုင်)၁၉၂၉၈၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်ဖုန်းမြင့်(ခ)**
**ဒေါ်ခင်ဘုန်းမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာနေ မနန္ဒာဖြိုး၏ ဖခင် ဦးမောင်ငြိမ်း(ခ)ဦးမောင်ညိမ်း ၉/ဝတန(နိုင်)၁၃၂၄၃၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/89292 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေလွင် ၉/ကဆန(နိုင်)၁၀၂၇၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ် (၄၅/မြမာလာရပ်၊ ဦးပိုင်အမှတ် (၂၄-က)၊ မြေဧရိယာ(၀.၀၇၂) ဧကရှိမြေကွက်အား မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်ဝင်းဝင်းအေးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၁/ပဒေသာ) ဦးပိုင်အမှတ် (၃၈၇) မြေဧရိယာ ( ၀. ၀၅၅ ) ဧကရှိ မြေကွက်အား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဦးလှမြတ် မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ၅၇လမ်း၊ ၁၀၇ ငုရွှေဝါလမ်း၊ ချမ်းမြသာစည်မြို့နယ်နေ ဦးလဲစေ့ယူ၏သမီး ဒေါ်အာမီလု (၉/မကန(နိုင်)၀၇၈၂၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-218008)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၉၁၀၂၄၅၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2R/7937၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/25003 Haojue-115,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်ဆုနိုင် ၁၄/မအပ(နိုင်)၃၄၁၇၇၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/31181, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မင်းမြတ် ၁၄/သပန(နိုင်)၀၇၆၃၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၈၄၅၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းမြင့် ၁၀/မဒန(နိုင်)၀၉၄၄၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၇၆၂၁၃ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ပြင်ဆင်မှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ကန့်ဘလူခရိုင်တရားရုံးတော်။ ၂၀၂၃ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် -၅ ။

ဒေါ်ညွန့်ခင် (၎င်း၏ အုပ်ထိန်းသူ ဒေါ်အေးအေးမြင့်) **နှင့်**

၁။ ဒေါ်သန်းတင် (၎င်း၏ အထွေထွေကိုယ်စားလှယ် စာရသူ ဦးအုန်းကျော်)
၂။ ဦးတင်မောင်ဝင်း
၃။ ဒေါ်ခင်ဆွေဝင်း
၄။ ဦးသန်းထွန်းဝင်း
၅။ ဦးမင်းမင်း
၆။ ဦးခင်မောင်ချင်း
၇။ ဒေါ်ပြည်
၈။ ဒေါ်တူး
၉။ ဦးကျော်လှိုင်
၁၀။ ဦးဖိုးသိန်း
၁၁။ ဦးဝင်းမြင့်
၁၂။ ဒေါ်မြမူ
၁၃။ ဦးသိန်းတန်
၁၄။ ဦးညွန့်ရွှေ
၁၅။ ဒေါ်အုန်းစိန်
၁၆။ ဒေါ်စန်းဝေ
၁၇။ ဒေါ်ခင်နှင်း
၁၈။ ဒေါ်ခင်သက်ရီ
၁၉။ ဒေါ်ငယ်(ခ) ဒေါ်ခင်စောမိုး
၂၀။ ဒေါ်လှလှ
၂၁။ ဒေါ်နှင်းနွယ်စိုး
၂၂။ ဦးစိန်ထွန်း(ခ) ဖိုးသား
၂၃။ ဒေါ်ခင်သီတာမိုး

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၉ရက်နေ့ရက်စွဲပါ ကန့်ဘလူမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၀/၂၀၁၉ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့၊ အောင်သိဒ္ဓိရပ်ကွက်နေ လျှောက်ထားခံရသူ(၂) ဦးတင်မောင်ဝင်း (ဘ) ဦးသန်းမောင်၊ (၁၇) ဒေါ်ခင်နှင်း (ဘ)ဦးချစ်မောင်၊ (၁၉)ဒေါ်ငယ်(ခ) ဒေါ်ခင်စောမိုး (ဘ)ဦးချစ်မောင်၊ (၂၀) ဒေါ်လှလှ(ဘ) ဦးချစ်မောင်၊ (၂၁) ဒေါ်နှင်းနွယ်စိုး (ဘ) ဦးချစ်မောင်၊ (၂၂) ဦးစိန်ထွန်း(ခ) ဖိုးသား (ဘ)ဦးချစ်မောင်၊ (၂၃)ဒေါ်ခင်သီတာမိုး (ဘ)ဦးချစ်မောင်၊ ရွှေဘိုမြို့၊ အမှတ်(၁) ဘူတာရပ်နေ (၃) ဒေါ်ခင်ဆွေဝင်း (ဘ) ဦးသန်းမောင်၊ (၄) ဦးသန်းထွန်းဝင်း (ဘ)ဦးသန်းမောင်၊ ကချင်ပြည်နယ်၊ ဟိုပင်မြို့နယ်၊ ဆယ်ဇင်းရွာနေ (၅) ဦးမင်းမင်း (ဘ) ဦးတင်အောင်၊ ဟိုပင်မြို့နေ (၇) ဒေါ်ပြည် (ဘ)ဦးတင်အောင်၊ ဖားကန့်မြို့နယ်၊ နတ်မော်ကျေးရွာနေ (၁၈)ဒေါ်ခင်သက်ရီ (ဘ)ဦးချစ်မောင်၊ လားရှိုးမြို့၊ ရပ်ကွက်(၂)၊ ရန်နိုင်အောင်ဘုရားအနီး (၁၁)ဦးဝင်းမြင့် (ဘ) ဦးမိတ်၊ သပိတ်ကျင်းမြို့နယ်၊ ပေါက်တပင်ကျေးရွာနေ (၁၂) ဒေါ်မြမူ (ဘ)ဦးမိတ်၊ (၁၃) ဦးသိန်းတန် (ဘ)ဦးမိတ်၊ ခင်ဦးမြို့နယ်၊ မိုးနတ်ကျေးရွာနေ (၁၄)ဦးညွန့်ရွှေ (ဘ) ဦးမိတ် (၁၅)ဒေါ်အုန်းစိန် (ဘ)ဦးမိတ်၊ ပိတောက်ကုန်းကျေးရွာနေ (၁၆) ဒေါ်စန်းဝေ (ဘ)ဦးမိတ်၊ ကရင်ပြည်နယ်၊ သံတောင်မြို့နေ (၆)ဦးခင်မောင်ချင်း (ဘ) ဦးတင်အောင်၊ လားရှိုးမြို့၊ ကျွဲတောင်တန်းလျား၊ (၇)ရပ်ကွက်နေ (၈) ဒေါ်တူး (ဘ) ဦးခင်မောင်၊ စဉ့်ကူးမြို့၊ ရပ်ကွက်(၂) ဆေးရုံအနီးနေ (၉) ဦးကျော်လှိုင် (ဘ)ဦးခင်မောင်၊ လားရှိုးမြို့၊ ရပ်ကွက်(၂)နေ (၁၀) ဦးဖိုးသိန်း (ဘ) ဦးခင်မောင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

ယခုအမှုတွင် ကန့်ဘလူမြို့နယ်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၅ခုနှစ်၊ မတ်လ ၁၀ရက် (၁၃၈၆ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်)တွင်ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်မင်းအောင်)**
**ခရိုင်တရားသူကြီး**
**ကန့်ဘလူခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့နယ်၊ ဈေးချိုမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၅N)၊ ဈေးချိုရပ်၊ ဦးပိုင်အမှတ်(၅၆)၊ မြေဧရိယာ(၀.၀၉၉)ဧကရှိမြေ DONO-၁၉၈/၁၉၉၄အရ တစ်နှစ်လျှင်(၆၃)ကျပ်နှုန်းဖြင့် (၂၅-၉-၁၉၉၃) မှ (၂၅-၉-၂၀၂၃) အထိ ဒေါ်ခင်တင့် အမည်ဖြင့် မြေငှားဂရန်ရရှိပြီး ၎င်းမြေငှားဂရန်မြေအား ဦးမောင်မောင်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမွေက်ဟစာချုပ်ချုပ်ဆိုပြီး မြေငှားဂရန် အမည်ပြောင်းသက်တမ်းတိုးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၅-၃-၂၀၂၅ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ သက်တမ်းတိုး ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြို့ပင်ကောက်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ရေစင်(၃)လမ်း၊ အမှတ်(၁၇၀၅)နေ ဦးမောင်မောင်မြင့်၊ ဒေါ်ခင်သန္တာတို့၏ သားဖြစ်သူ မောင်ထက်ဝေလင်းသည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ မောင်ထက်ဝေလင်းသည် (၂၀-၈-၂၀၂၄)ရက်က နေအိမ်ရှိပစ္စည်းများအားယူဆောင်ပြီး နေအိမ်မှထွက်သွားသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်၎င်း မောင်ထက်ဝေလင်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်မွန် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၅/၂၀၁၅)**
**တိုက်(၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊**
**(၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၆၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အထက(၃) ကျောင်း၊G-6(A)မှ မောင်ထက်ရောလင်း၏ ဖခင်အမည်မှန်မှာ ဦးရှားလင်းညီ ၇/တငန(နိုင်)၁၄၄၁၄၅ ဖြစ်ပါကြောင်း။

**ဦးရှားလင်းညီ**

## ဖခင်အမည်မှန်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ OIAC-2 ကိုယ်ပိုင်အထက်တန်း ကျောင်း Grade-5 မှ မကြည်နူးသက်စံ၊ Grade-2 မှ မအိသက်ထားဝေ တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းသက်နိုင် ၇/ဖမန(နိုင်)၁၂၄၀၅၇ ဖြစ်ပါကြောင်း။

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

လယ်ဝေးမြို့နယ်၊ ဥဿချစ်လှိုင်းရွာနေ ဦးဖြူဝင်း-ဒေါ်မြင့်သန်း တို့၏သမီး ဒေါ်စန္ဒာသင်း ၉/လဝန(နိုင်)၁၆၄၉၆၁ နှင့် လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်နေ (ဦးကျော်ဆန်း)+ ဒေါ်ဌေးဌေးမြင့် တို့၏သား ဦးအောင်ဖြိုးသူ (ခ)ကိုဖြိုး ၉/လဝန(နိုင်) ၁၅၉၇၄၀တို့သည် ၁၉-၁၁-၂၀၂၄ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာသင်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့နယ်၊ ရွာမမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၈N)၊ အရှေ့ရပ်၊ ဦးပိုင်အမှတ် (၃၅၄)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိမြေ DONO-၁၉၁/၁၉၉၃အရ တစ်နှစ်လျှင် (၄၀)ကျပ်နှုန်းဖြင့် (၇-၉-၁၉၉၄) မှ (၇-၉-၂၀၂၄)ထိ ဦးတင်ထွန်း အမည်ဖြင့် မြေငှားဂရန်ရရှိပြီး ၎င်းမြေငှားဂရန်မြေအား ဦးညီညီထွန်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမွေက်ဟစာချုပ်ချုပ်ဆိုပြီး မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၅-၃-၂၀၂၅ ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်ရှိသည့်ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ သက်တမ်းတိုး ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၆-က/ကလေးမြို့မြောက်)၊ ဦးပိုင်အမှတ် (၂၉၉)၊ ဧရိယာ (၀.၃၀၀) ဧကရှိ ဝင်းမြေအား ဦးခင်မောင်ဝင်း(ခ) ဦးစောမောင်ဝင်း ၅/ကလထ(နိုင်) ၀၉၇၆၁၀ နှင့် ဒေါ်မျိုးမျိုးမင်း ၅/ကလထ(နိုင်) ၁၁၉၀၈၄ တို့က ၎င်းတို့အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသောမှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်လျှောက်ထားနိုင်ပါသည်။

**ဦးခင်မောင်ဝင်း(ခ)ဦးစောမောင်ဝင်းနှင့်ဒေါ်မျိုးမျိုးမင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပိုင်စိုး (LL,B) အထက်တန်းရှေ့နေ (စဉ်-၄၇၇၆၄)**
**မင်းသုခလမ်းသွယ်(၁)၊ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့၊**
**၀၉-၉၇၉၁၁၉၂၂၉**

## အိမ်နံပါတ်(၁၅)၊ သဂ်ဟလမ်း၊ ကျောက်မြောင်း၊ တာမွေမြေကွက်အမှတ် (၅၆) ပေါ်တွင် ဆောက်လုပ်ဆဲ အဆောက်အအုံအား ချက်ခြင်းရပ်တန့်ရန်/ ဖယ်ရှားပေးရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃-စီ-၁/N) မြေကွက်အမှတ် ၅၇၊ ဧရိယာ ၀ဒသမ ၀၆၅ဧကေ၊ နှစ် (၉၀)ဂရန်မြေကွက်နှင့် မြေကွက်အမှတ် ၅၆၊ ဧရိယာ ၀ဒသမ၃၇ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်တို့မှာ ကျွန်မ ဒေါ်သန်းသန်းဌေး (၁၂/တမန(နိုင်)၀၁၃၇၆၀)၊ ကျွန်မ၏မိဘများဖြစ်ကြသော ဦးမောင်ကြီး၊ ဒေါ်မြရင်တို့ အမည်ပေါက်တည်ရှိသောမြေကွက်များဖြစ်ပါသည်။

မိဘများကွယ်လွန်ကြပြီးဖြစ်၍ တရားဝင်အမွေဆက်ခံသူ သမီးရင်း ကျွန်မ ဒေါ်သန်းသန်းဌေး ဆက်ခံပိုင်ဆိုင်လာသော အဆိုပါမြေကွက်များကို ကျွန်မ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ အမည်လွှဲပြောင်းခြင်း၊ ဂရန်အတုပြုလုပ်၍ ငွေချေးခြင်း၊ ယခုမြေကွက်နံပါတ်အမှတ် (၅၆)ပေါ်တွင် တရားမဝင်၊ ကျွန်မ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ အတင်းအဓမ္မ ကျူးကျော်ဝင်ရောက်ဆောက်လုပ်ဆဲ အဆောက်အအုံအား ယခုချက်ခြင်း အပြီးတိုင်ဖျက်သိမ်း၍ ကျွန်မမြေပေါ်မှ ဖယ်ရှားပေးရန် သတိပေးတားမြစ်လိုက်သည်။

လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်းနှင့် ကျွန်မကလည်း ထိုမြေကွက်များကို မည်သူ့ကိုမှ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ ပေါင်နှံထားခြင်းမရှိကြောင်း အများသိစေရန် ကြော်ငြာအသိပေးအပ်ပါသည်။ **ဒေါ်သန်းသန်းဌေး (၁၂/တမန(နိုင်)၀၁၃၇၆၀)**
**(၁၁/၁၃၊ သဂ်ဟလမ်း၊ ကျောက်မြောင်း၊ တာမွေ။ ဖုန်း-၀၉-၂၆၁၆၀၅၁၉၁)**

## ဒေါ်ခင်သန်း၊ MNN-၁၄၃၆၈၇ နှင့် ဒေါ်သောင်းရင်၊ MKA-၀၀၅၅၇၇ တို့နှစ်ဦးနှင့် သက်ဆိုင်သူများ သိရှိစေရန် ကြေညာချက်

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ် (၇၁)၊ နယ်မြေ(၂)နေ ဒေါ်ကြင်ဝိုင်း ၁/မကန(နိုင်)၀၄၂၉၁၉၊ မမိုမိုဇော် ၁/မကန(နိုင်)၁၄၇၂၈၆၊ မောင်သီဟဇော် ၁/မကန(နိုင်)၁၉၅၈၃၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်-

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁၆က/၇)၊ ဦးပိုင်အမှတ်-၁၂၃၊ မြေချိန်ဧရိယာ (၀.၀၇၄)ဧကရှိမြေကွက်အား မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်သန်း၏ ကိုယ်စား လှယ် ဒေါ်သောင်းရင်တို့ထံမှ (၂၄-၄-၁၉၉၆)ရက်တွင် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးခင်ဇော်(ကွယ်လွန်)နှင့် ဒေါ်ကြင်ဝိုင်း(ခ)ကျင်ဝိုင်းတို့မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပြီး လက်ရောက်ရယူကာ ကိုယ်ပိုင်ငွေဖြင့် အိမ်နှင့်အဆောက်အအုံတို့ဆောက်လုပ်ပြီး ယနေ့အချိန်ထိ တစ်ဆက် တစ်စပ်တည်း နေထိုင်ခဲ့ သော်လည်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးခဲ့ခြင်းမရှိသေးပါ။ ဒေါ်ခင်သန်းနှင့် ဒေါ်သောင်းရင်တို့သည် မြေကွက်အားရောင်းချပြီးနောက် အခြားသို့ ပြောင်းရွှေ့နေထိုင်သွားသဖြင့် အဆက်အသွယ်မရခဲ့ပါ။ ယခုအခါ ကျွန်ုပ်အမှုသည်များမှာ ဝယ်ယူခဲ့သည့်မြေကွက်နှင့်စပ်လျဉ်းပြီး အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ရန်လိုအပ်လာပါသဖြင့် ဒေါ်ခင်သန်းကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ် ဒေါ်သောင်းရင်ဖြစ်စေ၊ ဆက်ခံသူများမှဖြစ်စေ ၎င်းတို့ရောင်းချလိုက်သည့်မြေကွက်အား မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုနိုင်ရေးအတွက် ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း လာရောက်ဆောင်ရွက်ပေးပါရန် အကြောင်းကြားတောင်းဆိုလိုက်ပါသည်။ ယင်းနေ့ရက်အတွင်း လာရောက် ဆောင်ရွက်ပေးခြင်း မပြုပါက ဥပဒေအရတရားစွဲတောင်းခံသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ကြင်ဝိုင်း၊ မမိုမိုဇော်၊ မောင်သီဟဇော်**

**လွှဲအပ်ညွှန်ကြားချက်**
**ဒေါ်သန်းသန်းနွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၅၁)**
**အမှတ်(၈၅၅)၊ မြို့သစ်ကြီးကွက်သစ်၊**
**မြစ်ကြီး နားမြို့၊ ဖုန်း- ၀၉-၄၂၁၃၁၁၄၅၅**

## အစုရှယ်ယာမတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်တော်များMandalay Central Enterprise Limited ကုမ္ပဏီမှတ်ပုံတင်အမှတ်-100732319 သည် လက်ရှိအစုရှယ်ယာအရေအတွက်(၆၀၀၀)စု တန်ဖိုးငွေကျပ်သိန်း(၆၀၀၀) မှ အစုရှယ်ယာအရေအတွက် (၉၅၀)စု တန်ဖိုးငွေကျပ်သိန်း(၉၅၀) သို့ အစုရှယ်ယာမတည်ငွေရင်း လျှော့ချမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**Mandalay Central Enterprise Ltd**
**ဖုန်း- ၀၉-၂၅၀၅၁၆၁၇၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၄၄၊ ဦးပိုင်အမှတ် ၅၃၊ ၁၀X၁၁ကြား၊ ၇၇X၇၈ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးခင်မောင်လေး ၁၃/မဖန(နိုင်)၀၀၇၂၃၈က ဘိုးဘစာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၅၁၊ ဦးပိုင်အမှတ်(၅၆)ခဲစင်း၊ ၅၅(A) လမ်း၊ ၁၂၅X၁၂၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချိုမွေး(ခ)ဒေါ်ရှီးလိပ်ဂျန် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် ၃၀၈၈/၂၀၂၄ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးအောင် ၉/စကန(နိုင်)၀၆၀၂၈၉၊ ဒေါ်ဝေဇင်ဦး ၉/စကန(နိုင်) ၀၅၆၂၂၂ တို့က အမှုတွဲအမှတ်(၆၇၄၅/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် ၈၁၉၊ ဦးပိုင်အမှတ်(၆၁-ခ)၊ ၃၄X၃၅ကြား၊ ၆၃လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီတင့် ၉/မရမ(နိုင်)၀၄၆၉၃၅က အမှုတွဲအမှတ် (၆၇၅၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ရေသရောက်ကုန်းကျေးရွာ၊ ကွင်းအမှတ် (ပြင်)၊ ဦးပိုင်အမှတ် (၁၉၂/၂)၊ ဧရိယာ (၁. ၂၁)ကေထဲမှ ခွဲထွက်၍ မြေကွက်အမှတ် (B-9)၊ ဧရိယာ (၈၀x၆၀)ပေရှိ ယာမြေကွက် မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ မြေစာရင်းပုံစံ (၁၀၅၊ ၁၀၆)မိတ္တူ+ အရပ်ကတိစာချုပ်တို့အရ ဝယ်ယူပိုင်ဆိုင်ကာ တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ယင်းမာမြင့် (၃/ဘအန(နိုင်)၁၅၂၁၉၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးအေးခိုင် (၁၃/မဆတ(နိုင်)၀၉၂၁၃၄)က အရပ်ကတိစာချုပ်ဖြင့် အပြီးအပိုင်လက်ရောက်လွှဲပြောင်း ပိုင်ဆိုင်ထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုပြစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အမည်ပေါက် ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိဆွေ (LL.B) တရားလွှတ်တော်ရှေ့နေ**
**ငါးရံ့ချောင်းကျေးရွာ၊ ရပ်ကွက်ကြီး (၁၉)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉- ၉၇၆၃၂၄၄၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/63855, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြဌေး ၁၄/ဝခမ(နိုင်)၂၄၆၁၁၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/38798, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထိုက် ၁၄/ပသန(နိုင်)၁၇၀၈၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ ဦးအောင်ဆန်းထူး ၈/တတက(နိုင်)၂၃၄၅၂၉ ၏သား မောင်ရှင်းသန့်မောင်အား ယနေ့မှစ၍ မောင်လင်းမြတ်သူရ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းမြတ်သူရ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်း၊ စ/၂(၁၁)နေ ဒေါ်ဟေဇင်သွယ် (၉/ပဥလ (နိုင်)၀၆၆၃၂၀) ၏ ဖခင်အမည်မှာ ဦးဟမ်ဇားနှင့် ဦးမောင်လေး ဟု လည်းကောင်း၊ မိခင်၏အမည်မှာ ဒေါ်ဟစီနားနှင့် ဒေါ်နီနီဟုလည်းကောင်း အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟမ်ဇား(ခ) ဦးမောင်လေး**
**ဒေါ်ဟစီနားနှင့် ဒေါ်နီနီ**

## လူပျောက်ကြော်ငြာ

ပျော်ဘွယ်မြို့နယ်၊ ရွှေညောင်ဖူးအုပ်စု၊ ကျောက်ချပ်ကျေးရွာနေ ဦးရဲခိုင်-ဒေါ်မာတင်တို့၏ သား မောင်ဘုန်းပြည့်ဖြိုးပိုင် (G-12) ၉/ပဘန(နိုင်)၂၈၂၀၈၅ သည် ၁၃-၂-၂၀၂၅ ရက်မှစ၍ အိမ်သို့ ပြန်ရောက်လာခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ ဆက်သွယ်အကြောင်းကြားပေးသူအား ကျေးဇူးဆပ်ပါမည်။)

**ဦးရဲခိုင်-ဒေါ်မာတင်**
**ဖုန်း-၀၉-၄၄၅၉၀၂၆၁၃**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့ (ရုံးချုပ်)မှ ဆောင်ရွက်မည့် တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းခွင်သုံးပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖြည့်တင်းရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၇၈၅၇ နှင့် တံတားတည်ဆောက်ရေးအဖွဲ့၊ ဖုန်း-၀၆၇-၃၄၀၇၈၄၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

၃။ (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၅-၂-၂၀၂၅)ရက်မှ (၅-၃-၂၀၂၅)
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - (၁၀-၃-၂၀၂၅) (၁၆:၃၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူတင်သွင်းနိုင်သည့်နေရာ** - ဖြည့်တင်းရေးဌာနခွဲ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

